မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ ၂၀၁၁ ခုနှစ်၊ မတ် ၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၅၄)

(၆၆)နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု မအူပင်မြို့နယ်၌ ကျောက်ချောလမ်းသစ်ဖွင့်

နေပြည်တော် မတ် ၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်သည် ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်(လှိုင်သာယာ)-တွံတေးကားလမ်း တွံတေးတံတားအနီး၌ စည်ပင်သာယာရေး ဦးစီးဌာနက တာဝန်ယူ ဖောက်လုပ်လျက်ရှိသည့် မအူပင်-တွံတေးကားလမ်းဆုံသို့ ရောက်ရှိပြီး ကတ္တရာခင်းဆောင်ရွက်နေမှု၊ မိုင်တိုင် ၂၆/၇ တွင် ကတ္တရာလမ်းခင်းရန် ပြင်ဆင်ဆောင်ရွက်မှု၊ မိုင်တိုင် (၂၅)ရှိ တကလှဲ့တံတားတည်ဆောက်ရေးလုပ်ငန်းခွင်၌ စက်ယန္တရားကြီးများဖြင့် တံတားချဉ်းကပ်လမ်း မြေသားတာပေါင် ချဲ့ထွင်ဆောင်ရွက်နေမှုနှင့် မိုင်တိုင် ၁၃/၂ ရှိ ခတ္တိယ တံတားမှ လှိုင်းတာ မိုင်တိုင် ၅/၁ အထိ လမ်းအကျယ် ၁၈ ပေ ကတ္တရာလမ်း ဖောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖြတ်သန်းကြည့်ရှု

ထို့နောက် (၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် လေးအိမ်စုကျေးရွာအဝင် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး လမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှုသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❍

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် (၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် လေးအိမ်စုကျေးရွာအဝင် ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

၁။ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများအား တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ထူးခြားသည့် နေ့အပူချိန်များ

၂-၃-၂၀၁၁

ချောက်မြို့	၄၀ ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့	၃၉ ဒီဂရီစင်တီဂရိတ်
အောင်လံမြို့	၃၉ ဒီဂရီစင်တီဂရိတ်
ရွှေကျင်မြို့	၃၉ ဒီဂရီစင်တီဂရိတ်

အညာမြေက အိုအေစစ်တစ်ခုပမာ ဖြစ်တည်လာသည့် ဖောဓိတစ်ထောင် ကျောက္ကာ ရွှေမြင်တင်ဒေသ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ ➢ ရန်ကြီးအောင်

နေပြည်တော် မတ် ၂

ရတနာပုံတံတားကြီးကိုကျော်သည်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ ချင်းနင်းဝင်ရောက်လာခဲ့သည်။ မုံရွာ-မန္တလေးကားလမ်းမကြီး၏ အရှေ့ဘက် ဧရာဝတီမြစ်ကြီးကို မေးတင်နေသော ရွှေမင်းဝံတောင်ခေါ် စစ်ကိုင်းတောင်ကြီးကား သစ်ပင်သစ်တောများဖြင့် စိမ်းစိုသာယာလျက်ရှိသည်။ လွန်ခဲ့သော ၁၅ နှစ်ခန့်က ကလေးမြို့မှ မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့် အခေါက်ခေါက်အခါခါ သွားလာခဲ့ရစဉ် ရွှေမင်းဝံတောင်တန်းကြီးအနီးမှ မကြာခဏ ဖြတ်သန်းသွားခဲ့ဖူးသည်။ ဖလမ်းမြို့တွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ဖြစ်သည်။ ယင်းအခါကမူ အဆိုပါတောင်တန်းကြီးကို ဝေဟင်မှ တွေ့မြင်ရသည်မှာ အသက် ၈၀ကျော် အဘိုးကြီးတစ်ဦး၏ အကြောပြိုင်းပြိုင်းထနေသော *စာမျက်နှာ ၁၀ ကော်လံ ၁* ●

မုံရွေး-ဖောဓိတစ်ထောင် ကားလမ်းဘေးဝဲယာတွင် ကျွန်းပင်များ စိုက်ပျိုးထားစဉ်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် မတ် ၃ ရက်)

သောက်ရေသုံးရေ အလေအလွင့်မရှိရေး စနစ်တကျသုံးစွဲ

ရေသည် သဘာဝကပေးထားသော ဆေးတစ်ပါးဖြစ်သည်။ ငွေကိုမလို ရေကိုသာလိုသည် ဆိုစကားအရ ရေ၏တန်ဖိုးသည် ကြီးမားသည်။ လူတို့အတွက်ရေကို နေ့စဉ်လုံလောက်စွာ ရရှိရန်လိုသည်။

နိုင်ငံတော်အစိုးရသည် ရေခက်ခဲသောဒေသများတွင် ဆည်တမံများ၊ မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက်ရေ ရရှိရေးလုပ်ငန်းများကို တည်ဆောက် အကောင်အထည်ဖော်ပေးလျက်ရှိသည်။ ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိသည်။

မိုးရေလုံလောက်စွာမရရှိခြင်းနှင့် ရာသီဥတု ပြောင်းလဲဖောက်ပြန်ခြင်းတို့ကြောင့် ရေလုံလောက်စွာ မရရှိသောအခါ မြေအောက်ရေကို အကျိုးရှိစွာ ဖော်ထုတ်အသုံးချနိုင်ရန် ရည်ရွယ်၍ မြေအောက်ရေဖော်ထုတ်အသုံးပြုရေးစီမံကိန်းဇုန်များကို နိုင်ငံတစ်ဝန်း၌ သတ်မှတ်ဖော်ဆောင်လျက်ရှိသည်။

မြေအောက်ရေဖော်ထုတ်အသုံးပြုရေး စီမံကိန်းဇုန်များအဖြစ် နွားထိုးကြီးဇုန်၊ မိတ္ထီလာ-သာစည်ဇုန်၊ ပျော်ဘွယ်-ဘုရားငါးဆူဇုန်၊ နေပြည်တော်ဇုန်နှင့် ဟင်္သာတဇုန်ဟူ၍ သတ်မှတ်ထားသည်။ နေပြည်တော်ဇုန်အတွင်း၌ ၂၀၀၃ ခုနှစ်မှစတင်၍ မြေအောက်ရေဖော်ထုတ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယနေ့အထိ သောက်သုံးရေတွင်းပေါင်း ၁၀၄ တွင်း တူးဖော်ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းဒေသ ပျော်ဘွယ်-ဘုရားငါးဆူဇုန်တွင် လေးလက်မ စက်ရေတွင်း ၁၀၀ တူးဖော်ရေးစီမံကိန်းကို ၂၀၀၉ ခုနှစ် အောက်တိုဘာလမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအထိ စက်ရေတွင်းပေါင်း ၈၀ ကို အောင်မြင်စွာတူးဖော်နိုင်ခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ရေရှားပါးသည့်ဒေသများတွင် စိုက်ပျိုးရေ၊ သောက်သုံးရေ လုံလောက်စွာရရှိရန်အတွက် နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသော်လည်း နွေရာသီရောက်လာပြီဖြစ်၍ ရေကိုလုံလောက်စွာ အသုံးပြုနိုင်ရန် ပြည်သူများအနေဖြင့် ရေကိုအလေအလွင့်မရှိစေဘဲ စနစ်တကျသုံးစွဲကြရေး တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မုံရွာနှင့် ကလေးခရိုင် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂

စစ်ကိုင်းတိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် ဖေဖော်ဝါရီ ၂၄ ရက်က မုံရွာ-ယာကြီး-ကလေးဝလမ်း လမ်းခင်းကျင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကလေးမြို့ မြို့တော်ခန်းမ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ တိုင်းမှူးသည် ကလေးမြို့ နယ်မြေခံတပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် ကလေးမြို့နယ်ရှိ နွေစပါးစုပေါင်း ပေါင်းလိုက်ပွဲနှင့် မြေသြဇာကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြေကြီးမြေပုံနှင့် မြေစာရင်းမှန်ကန်ရေး သာပေါင်းမြို့နယ်၌ ကွင်းဆင်းစစ်ဆေး

သာပေါင်း မတ် ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးစောလှိုင်(မြေတိုင်း/ပုံနှိပ်)သည် ဧရာဝတီတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးအောင်တင်မြင့်၊ တိုင်းဒေသကြီး ဒုတိယမြေစာရင်းဦးစီးဌာနမှူး ဦးအုန်းမြင့်နှင့် ပုသိမ်ခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးသိန်းကျော်တို့ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၃ရက် မွန်းလွဲ ၂ နာရီက ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ဂုံမင်းကျေးရွာအုပ်စု ကွင်းအမှတ်(၅၆၀-ဂ)၌ မြေကြီးမြေပုံနှင့် မြေစာရင်းမှန်ကန်ရေးအတွက် ခေတ်မီမြေတိုင်းကိရိယာ(Total Station)ဖြင့် ကွက်ကြဲမြေတိုင်းတာမှု လုပ်ငန်းအား ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားသည်။ **(အောက်ဝဲပုံ)**

ကွင်းဆင်းစစ်ဆေး

ထို့အပြင် ပုသိမ်ခရိုင်အတွင်း ကျောင်းကုန်း၊ ကန်ကြီးထောင့်၊ ပုသိမ်နှင့် သာပေါင်းမြို့နယ်များတွင် မြေစာရင်းဝန်ထမ်းများက ၂၀၁၀ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ညွှန်ကြားရေးမှူး ဦးစောလှိုင် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်မြေစာရင်း)

ဂုဏ်ပြုလွှာပေးအပ်ပွဲ ပန်းဘဲတန်း၌ ကျင်းပ

ရန်ကုန် မတ် ၂

ပန်းဘဲတန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် မဲရုံအဖွဲ့ဝင်များအား ဂုဏ်ပြုလွှာ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၃ နာရီက အထက (၁) ပန်းဘဲတန်းကျောင်း ဇကရီခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးအောင်၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ရဲသူရ ဦးသန်းလှိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းမြင့်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ခရိုင်ကော်မရှင် အဖွဲ့ခွဲဝင်တို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် မဲရုံအဖွဲ့ဝင်များအား ဂုဏ်ပြုလွှာ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြို့နယ်ကော်မရှင်အဖွဲ့ခွဲ)

မြန်မာနိုင်ငံဆရာဝန်များအသင်း ပုသိမ်မြို့၌ အခမဲ့ဆေးကုသ

ပုသိမ် မတ် ၂

ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး၌ ဖေဖော်ဝါရီ ၂၃ ရက်က လေးဖက်နာ အဆစ်ရောင် လေဖြတ်ဝေဒနာရှင်များ၊ ပခုံးကပ်၊ ခြေဖနောင့် အတက်ထွက်၊ အရိုးကျီးပေါင်းတက်ရောဂါများ၊ ပုံမှန်မဟုတ်ဘဲ ကိုယ်အင်္ဂါဖွံ့ဖြိုးမှု နှေးကွေးသော ကလေးသူငယ်များ အပါအဝင် ဝေဒနာရှင်ပေါင်း ၆၁၂ ဦးတို့အား ရန်ကုန်ဆေးရုံကြီး အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာဌာန ပါမောက္ခဒေါက်တာ ဒေါ်ခင်မျိုးလှ၊ ဆေးတက္ကသိုလ်-၂ ပါမောက္ခ ဒေါက်တာ ဒေါ်သန်းသန်းဌေး၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်တွဲ-ပါမောက္ခ ဒေါက်တာ ဒေါ်ခင်စောဦးနှင့် ပုသိမ်ပြည်သူ့ဆေးရုံကြီး အကြောအဆစ် အထူးကုဆရာဝန် ဒေါက်တာ ဒေါ်ညိုလွဲ့လွဲ့ဝင်းတို့ ပါဝင်သော မြန်မာနိုင်ငံဆရာဝန်များအသင်း ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး နယ်လှည့်ဆေးကုအဖွဲ့က အခမဲ့စမ်းသပ်ကုသပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဆရာဝန်များအသင်းတိုက်၌ ကိုယ်အင်္ဂါပြန်လည် သန်စွမ်းရေးနယ်လှည့် ကုသရေးအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မျိုးလှနှင့်ဆေးပညာရှင်များအဖွဲ့က ပညာပေးဟောပြောပွဲကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဆရာဝန်များအသင်း ဥက္ကဋ္ဌ-အရိုးပါရဂူ ဒေါက်တာ ဦးကြည်ဖေက အသင်းကိုယ်စား ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၀၇၇)

မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိ အမြဲရှိ

ကတ္တရာလမ်းသစ်ခင်း

ကြာအင်းဆိပ်ကြီးမြို့နယ် အမှတ် (၂)ရပ်ကွက်၌ အရှည်ပေ ၈၀၀ရှိ ခေတ်သစ်လမ်းအား ဖေဖော်ဝါရီ ၁၇ ရက်က ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်ချို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

❍ *ရှေ့ဖုံးမှ*

အဆိုပါ လေးအိမ်စုကျေးရွာအဝင် ကျေးလက်ကျောက်ချောလမ်းမှာ လမ်းအရှည် ၁ မိုင် ၃ ဖာလုံ၊ အကျယ် ၁၀ ပေရှိပြီး စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယင်း လမ်းဖောက်လုပ်ပြီးစီးသွားသဖြင့် လေးအိမ်စု၊ ကုက္ကိုစု၊ ကညင်သုံးပင်၊ တာတပေါနှင့် သရက်ငူကျေးရွာနေ ပြည်သူများအနေဖြင့် မအူပင်-တွံတေးလမ်းမကြီးသို့ အလွယ်တကူ ရာသီမရွေးသွားလာနိုင်ကာ မကြာမီ ဖောက်လုပ်ပြီးစီးမည့် မအူပင်-တွံတေး-ရန်ကုန် (လှိုင်သာယာ) လမ်းမကြီးမှတစ်ဆင့် ရန်ကုန်မြို့သို့ ဒေသထွက်ကုန်များ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မအူပင်မြို့နယ် လေးအိမ်စုကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတိုးမာလာ ကျောင်းဆောင်သစ်လွှဲပြောင်း ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ တိုးမာလာ နှစ်ထပ်ကျောင်းဆောင်သစ်ကို အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်၊ စည်ပင်သာယာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသန်းကျော်ထူးနှင့် ကျောင်းအကျိုးတော်ဆောင် ဦးရွှေဝင်းလှိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဝန်ကြီးနှင့် ဧည့်သည်တော်များက ကျောင်းဖွင့်ပွဲ အထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာ ပက်ဖျန်းပေးကြသည်။

ထို့နောက် ရွှေရတုခန်းမဆောင်တွင် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ပညာသင်ကြားရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းကျော်ထူးက မအူပင်မြို့နယ် ပညာရေးမှူး ဦးစိုးမြင့်သောင်းထံ လွှဲပြောင်းပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်သိန်းက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဝန်ကြီး ဦးသိန်းညွန့်က ပညာရေး၊ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

အဆိုပါကျောင်းဆောင်သစ်သည် အလျား ၁၃၂ ပေ၊ အနံ ၂၁ ပေရှိ နှစ်ထပ်အုတ်ညှပ် ကျောင်းဆောင်ဖြစ်ပြီး နာဂစ်မုန်တိုင်းတိုက်ခတ်စဉ်က ပျက်စီးခဲ့ရာမှ ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေ၊ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေတို့ဖြင့် စည်ပင်သာယာရေးဦးစီးဌာနက တာဝန်ယူဆောက်လုပ်ပေးခဲ့ခြင်း ဖြစ်သည်။

တက်ရောက်အားပေး

အလားတူ ဝန်ကြီးသည် မအူပင်မြို့နယ် ကဝက္ကင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း သံကူကွန်ကရစ်ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်အားပေးသည်။

ထို့နောက် ဝန်ကြီးသည် မအူပင်မြို့နယ် သုံးခွကျွန်း တာပေါင်ပတ်လမ်း မိုင်တိုင် ၁၆ ရှိ ပဲတပွတ်-ကျုံသင်လမ်းပိုင်း လမ်းအရှည် ၁၉ မိုင် ၂ ဖာလုံအား ၁၈ ပေအကျယ် စက်ယန္တရားကြီးများဖြင့် မြေသားတာပေါင်ချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

သုံးခွကျွန်း တာပေါင်လမ်းသည် မအူပင်မြို့နယ် သုံးခွကျွန်းအတွင်းရှိ ကျေးရွာအုပ်စု ၁၇ အုပ်စု၊ ကျေးရွာပေါင်း ၁၇ ရွာနေ ပြည်သူများ သွားလာမှုလွယ်ကူစေရန် စည်ပင်သာယာရေးဦးစီးဌာနက ဖောက်လုပ်ပေးထားသည့် လမ်းဖြစ်ပြီး ပဲတပွတ်ကျေးရွာမှ ကျုံသင်ကျေးရွာအထိ လမ်းအရှည် ၂၉ မိုင် ၂ ဖာလုံရှိသည့် လမ်းအပိုင်းကို မူလမြေသားလမ်း အကျယ် ၁၀ ပေမှ အကျယ် ၁၈ ပေနှင့် ကျောက်လမ်း အကျယ် ၁၂ ပေ အထိရှိအောင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း တိုးချဲ့ဖောက်လုပ်လျက်ရှိသည့် လမ်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

KMD ၏ ဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် မတ် ၂

ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို အထူးဈေးနှုန်းဖြင့် တစ်နေရာတည်းတွင် စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ရန် KMD Sales & Service မှ "နွေဦးအကြို အထူးဈေးရောင်းပွဲတော်" ကို မတ် ၅ ရက်တွင် Strand Hotel ၌ ကျင်းပမည်ဖြစ်သည်။

အထူးဈေးရောင်းပွဲတော်နှင့်အတူ အသစ်ထွက်ရှိလာသော ပစ္စည်းအသစ်အဆန်းများကိုလည်း ပြသသွားမည်ဖြစ်ပြီး CDMA EVDO စနစ်ဖြင့် တွဲဖက်အသုံးပြုနိုင်သော နာမည်ကြီး 2 THE MAX 3G Connector, GSM Edge စနစ်ဖြင့် တွဲဖက်အသုံးပြုနိုင်သော Prolink GSM 3G Connector, ထို 3G Connector များမှ ကြိုးနှင့် ကြိုးမဲ့စနစ်ဖြင့်ပါ အင်တာနက်လိုင်းပြန်လည်လွှင့်ထုတ်ပေးနိုင်သော Prolink 3G Router များ ကမ္ဘာ့ပထမဦးဆုံး LED Display Screen ၁၂ ဒသမ ၅ လက်မဖြင့် ထွက်ရှိလာပြီး ပေါ့ပါးကျစ်လျစ်သည့် ဒီဇိုင်းဖြင့် Lenovo ၏ U260 Notebook, Hp Wireless Printer, ပါဝါ Adapter သုံးစွဲရန်မလိုသော Canon Lide 110 Scanner အသစ်၊ မြန်နှုန်းမြင့် USB 3.0 Hard Disk များ အစရှိသော နည်းပညာမြင့်ပစ္စည်းများကို ပြသရောင်းချပေးသွားမည်။ ထို့အပြင် Singapore Apple Store မှ တိုက်ရိုက်မှာယူတင်သွင်းသော Apple Product များနှင့် ဆက်စပ်ပစ္စည်းများ၊ iPad, iPhone များအတွက် Accessories ပစ္စည်းများကို စိတ်တိုင်းကျ ရွေးချယ်ဝယ်ယူနိုင်စေရန်အတွက် Apple Corner ကိုလည်း ပြသသွားမည်ဖြစ်သည်။

Notetbook ဝယ်ယူသူများအတွက် ကံစမ်းမဲနှိုက်စရာမလိုသော လက်ဆောင်များကိုလည်း တစ်ပါတည်း ပေးအပ်သွားမည်ဖြစ်သည်။ ထို့အပြင် အများဆုံး ၅၀ ရာခိုင်နှုန်းအထိ လျှော့ချထားသော ကွန်ပျူတာဆက်စပ်ပစ္စည်းများ ရောင်းချပေးမည့် Amazing Sales အစီအစဉ်ကိုလည်း မွန်းလွဲ ၁ နာရီတွင် တစ်ကြိမ်၊ ညနေ ၄ နာရီတွင်တစ်ကြိမ် ရောင်းချပေးခြင်း၊ Happy Hour အစီအစဉ်အနေဖြင့် ငွေကျပ်တစ်သောင်းကျော်တန် NEC Note book Bag ကို ငွေကျပ် ၃၀၀၀ တည်းဖြင့် မွန်းတည့် ၁၂ နာရီတွင်တစ်ကြိမ်၊ Warranty (တစ်နှစ်ခွဲ) အာမခံပါရှိသော Verbatim 2GB Pen Drive ကို ငွေကျပ် ၃၀၀၀ တည်းဖြင့် ညနေ ၃ နာရီတွင် တစ်ကြိမ် မဲနှိုက်ရောင်းချပေးခြင်းများ ပြုလုပ်မည်ဖြစ်သည်။

KMD Training Centre အနေဖြင့် ထိုနေ့တွင် သင်တန်းအပ်နှံပါက သင်တန်းကြေး၏ ၃၀ ရာခိုင်နှုန်း လျှော့၍ လည်းကောင်း၊ ကလေးများအတွက် နွေရာသီကျောင်းပိတ်ရက် ကွန်ပျူတာ သင်တန်းများကို ၃၀ရာခိုင်နှုန်းလျှော့၍ လည်းကောင်း၊ KMD နှင့်NCC(UK) တို့ ပူးပေါင်းဖွင့်လှစ် သင်ကြားသော IDCS Diploma သင်တန်းများကို ငွေကျပ် ငါးသောင်း လျှော့၍လည်းကောင်း လက်ခံသွားမည် ဖြစ်သည်။ KMD အထူးဈေးရောင်းပွဲတော်နှင့် ပတ်သက်၍ KMD Sales & Service Centre ဖုန်း-၂၄၅၁၈၀ ၊ ၃၈၅၁၇၇၊ ၅၀၃၅၂၂နှင့် ကွန်ပျူတာသင်တန်းများနှင့် ပတ်သက်၍ KMD Training Centre ဖုန်း-၃၈၁၀၃၅ နှင့် ၃၈၁၇၇၆တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ပြည်မြို့၌ ကွင်းဆင်းဆောင်ရွက်

ပြည် မတ် ၂

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့နယ်တွင် ၂၀၁၀ခုနှစ် လယ်ယာသန်းခေါင်စာရင်းစီမံကိန်းနောက်ဆက်တွဲစာရင်းများ ကောက်ယူခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ပြည်မြို့နယ် လက်ပံတောကျေးရွာအုပ်စု ဆင်မကုန်းကျေးရွာတွင် ကွင်းဆင်းဆောင်ရွက်သည်။

ဆောင်ရွက်ခဲ့

၂၀၁၀ခုနှစ် လယ်ယာသန်းခေါင်စာရင်း စီမံကိန်းနောက်ဆက်တွဲ စာရင်းများ ကောက်ယူခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးမြေစာရင်းဦးစီးဌာနမှူး ဦးမျိုးဦး၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးသန်းထွန်းနှင့် ဝန်ထမ်းများ လိုက်ပါဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် မတ် ၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ် (CME) မှ အထွေထွေရောဂါကုဆရာဝန်များအတွက် Common Clinical Problems (2011) သင်တန်းကို မတ် ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ စနေ/တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ သင်တန်းပို့ချမည်ဖြစ်သည်။ သင်တန်းတွင် ပါဝင်ကူညီကြမည့် ဆေးကုမ္ပဏီများကို တွေ့ဆုံဆွေးနွေး လိုပါသဖြင့် မတ် ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (ဘီ)သို့ ကြွရောက်ကြပါရန်နှင့် သင်တန်းတက်ရောက်လိုသော အသင်းဝင်ဆရာဝန်များသည် မတ် ၁၇ ရက်မှ ၁၈ ရက်အတွင်း နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ တက်ရောက်မည့်သူကိုယ်တိုင် လိုင်စင်ဓာတ်ပုံ လေးပုံဖြင့် စာရင်းသွင်းနိုင်ကြောင်း သိရှိရသည်။ **(ဆရာဝန်အသင်း)**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန္တလေးတိုင်းဒေသကြီးဘဏ်ခွဲများမှ ထုတ်ချေးသော မိုးချေးငွေအားလုံး ပြေကျေစွာ ကောက်ခံရရှိပြီးဖြစ်

နေပြည်တော် မတ် ၂

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်ဘဏ်ခွဲ ၂၆ ခုမှ ၂၀၁၀-မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများကို တောင်သူပေါင်း ၂၀၆၃၉၈ ဦးသို့ ချေးငွေပေါင်း ငွေကျပ် ၁၉၁၉၄၆၀၀၀၀၀ ထုတ်ချေးခဲ့ပြီး ၎င်းချေးငွေကို တောင်သူများ သီးနှံပေါ်ချိန်တွင် ပြန်လည်ကောက်ခံခဲ့ရာ ၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ၂၀၁၀-မိုးချေးငွေတစ်ရပ်လုံး တိုင်းလုံးကျွတ် ရာခိုင်နှုန်းပြည့် ပြေကျေစွာ ကောက်ခံရရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုက်ကြီးမြို့နယ် ဥက္ကံမြို့ မင်္ဂလာ-၂လမ်းနေ ကိုစောသိန်းဦး-မအေးအေးခိုင်တို့၏ တစ်နှစ်ပြည့်မင်္ဂလာအထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၂၁ ရက်က ဦးမောင်ရုံး-ဒေါ်ရင် ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအတွက် ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဟုန်စိန် လက်ခံစဉ်။

(ဘိုးဘွားရိပ်သာ)

မီးသတိပြု ကာကွယ်မှု ပေါင်းစုဆောင်ရွက်ကြ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၃-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **ဒုသီလ ရဟန်းအကြောင်း ဥပမာပြ** တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၃၁)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၈)
၈:၄၀ ထာဝစဉ်ဦးတင် မြတ်ဆရာ၏ ကျေးဇူးဂုဏ်အင် အထက(၁) သာကေတ၏ အာစရိယပူဇော်ပွဲ
၉:၀၀ အစဉ်အလာကြီးမားသည့် ဘာသာစုံ ဂုဏ်ထူးရှင်တို့၏ အောင်မြေ
၉:၁၅ ဝမ်းမြောက်ရွှင်လန်း မင်္ဂလာကန်တော့ပန်း (၁၉၆၆-၆၇ ပညာသင်နှစ် ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ အာစရိယပူဇော်ပွဲ)
၉:၃၅ Science For All (ကားဝယ်စီးလျှင် တာယာအကြောင်း သိထားသင့်သည်) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
၁၀:၀၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ မနက်ဖြန်အစီအစဉ်
၁၀:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁:၀၀ The Champion of Dance
၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၀ လယ်တီသာသနာ လယ်တီကျောက်စာ
၁၂:၄၀ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်လုံးဆိုင်ရာ သာသနာ့နုဂ္ဂဟ ဗိမာန်တော်ကြီး အုတ်မြစ်စီမင်္ဂလာ
၁:၀၀ **ဒုသီလ ရဟန်းအကြောင်း ဥပမာပြ** တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Calsome ကွေကာကနေ ကြီးမှူးကျင်းပတဲ့ စိတ်လှုပ်ရှားဖွယ်ရာ မိသားစုအားလပ်ရက်များဖြစ်စေဖို့ Family Challenge)
၂:၃၅ အဘိဓမ္မာ တောင်သာဇီဝိတဒါန တိုင်းရင်းဆေးကုသလှူဒါန်းပွဲ
၂:၅၀ ရန်ကုန်မြင်ကွင်းကျယ် (ယုဇနပလာဇာအရောင်းမြှင့်တင်ပွဲ နှင့် အလှမောင်မယ်ရွေးပွဲ)
၃:၀၀ ရန်ကုန်မြင်ကွင်းကျယ် (Gree ပစ္စည်းသစ်မိတ်ဆက်ပွဲ)
၃:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၃၁)
၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၈)
၄:၄၅ T-Home ရောင်စုံသင်္ကြန်ကို ကြိုတင်ခံစားခြင်း
၅:၀၅ ဓာတ်ပုံထဲမှ အမှတ်တရများ (ရတနာမိုင်)
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ သဲတောမြို့ အခြေခံပညာ အထက်တန်းကျောင်းဖွင့်ပွဲ
၆:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၃၂)
၇:၁၅ Style ရှိမှ Star ဖြစ်မယ်
၈:၀၀ MRTV-4 သတင်း
၈:၃၀ ကြည်လင်သောရေ၏ လျှို့ဝှက်ချက်
၈:၄၀ စကားနပန်း **(ကဂျီကချောင်ကျတာ ကောင်းတယ်၊ ကဂျီကချောင်မကျတာကောင်းတယ်)**
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၉)
၁၀:၀၅ အားကစားမြင်ကွင်းစုံ လူပြောများတဲ့ဘောလုံးပွဲ (အကြည်တော်၊ အရိုး၊ ဝေမင်းမောင်)
၁၀:၃၀ **မင်းအချစ်ကလိုပါသေးတယ်** စစ်ပိုင်၊ ဟန်ထူး၊ အမ်-ဇိုင်း၊ ချစ်စနိုးဦး (ဒါရိုက်တာ-အဓိပတိ မောင်မောင်ဦး)
၁၀:၅၀ အနုပညာမိုးကောင်းကင်
၁၁:၁၀ တေးဂီတအစီအစဉ်
၁၁:၃၀ ဂီတသရုပ်ပြခန်း (ဉာဏ်လင်းအောင်ရဲ့ အသင့်ရှိသူ စီးရီး)
၁၁:၅၀ ယုံကြည်ချက်များနဲ့အတူ
၁၂:၀၀ Celebrity Profile (Lee Byaung Hun)
၁၂:၄၅ စိတ်ဝင်စားစရာမုန့်လုပ်နည်းပညာ Myanmar Baking Training Center မှာ.....
၁:၀၀ နယဉ်ဆန်းထွင်ပန်းအလှဆင် (ပန်းပွင့်များရဲ့ ဖန်တီးရှင်) (ပန်းဒေါင်းပြုလုပ်နည်း)
၁:၂၀ မြေကြီးကရွှေသီးဖို့ ရေထိန်းသဘာဝဂျယ်ကိုသုံးကြစို့
၁:၃၀ ငွေဆောင်ခရီးစဉ်မှသည် ဘဝအတွက် ခွန်အားသစ်များ မွေးဖွားခြင်း
၂:၀၅ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်အကြောင်း သိကောင်းစရာ (ဒေါက်တာချာလီသန်း၊ မောင်ကြင်နာ၊ ထွန်းနေစိုး)
၂:၄၅ ဖိတ်ခေါ်ပါသည်ဖွံ့ဖြိုးဝေစည် ညောင်ကျိုးမြို့ဆီသို့
၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀ ပတ္တမြားမြေမှ လေ့လာဖွယ်ရာများနှင့် တစ်မူထူးခြားထာပွဲများ
၄:၂၀ နေရောင်ခြည်မှသည် လျှပ်စစ်စွမ်းအင်ဆီသို့
၄:၃၅ ထူးခြားဆန်းကြယ်သော တောအုပ်ကလေး
၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အီရတ်-အာဖဂန်သတင်းများ အီရတ်-အာဖဂန်သတင်းများ အီရတ်-အာဖဂန်သတင်းများ

အသေခံဗုံးခွဲမှု ကာကွယ်ရေး အမျိုးသမီးများအား တာဝန်ပေး

ဘဂ္ဂဒက် မတ် ၂

အီရတ်၌ အသေခံဗုံးခွဲတိုက်ခိုက်မှု မပြုနိုင်ရေး စစ်ဆေးဖော်ထုတ်ရသည့် တာဝန်ကိုဆောင်ရွက်ရန် အစိုးရရုံးဌာနများနှင့် ရဲတပ်ဖွဲ့စစ်ဆေးရေးဂိတ်များတွင် အမျိုးသမီးများအား တာဝန်ပေးထားရာ ထိရောက်မှုရှိကြောင်း အင်တာနက်သတင်းတွင် မတ် ၁ ရက်က ဖော်ပြထားသည်။ **(အပေါ်ပုံ)**

ဝင်ငွေမမှန်

အဆိုပါ အများပြည်သူ လုံခြုံရေးအတွက် တာဝန်ယူရသည့် အမျိုးသမီးများကို အာဏာပိုင်များနှင့်တကွ အီရတ်ပြည်သူများက ချီးကျူးကျေးဇူးတင်ကြသည်။ သို့သော် ၎င်းအမျိုးသမီးများမှာ လစာဝင်ငွေ မှန်မှန်မရကြဟု ဆိုသည်။

နိုင်ငံ့သမီးကောင်းများအဖြစ် သတ်မှတ်ကာ ၂၀၀၈ ခုနှစ်တွင် ၎င်းတို့အား စတင်တာဝန်ပေးစဉ်က လုပ်ခလစာ မှန်မှန်ရခဲ့သော်လည်း အီရတ်အစိုးရက လွှဲပြောင်းပြီးတာဝန်ယူလာသည့် တစ်နှစ်ကျော် ကာလမှစ၍ ယင်းသို့လစာ ဝင်ငွေမမှန်တော့ခြင်းဖြစ်သည်ဟုဆို၏။ **(အင်တာနက်)**

အီရတ်၌ လုပ်ဖော်ကိုင်ဖက်ချင်း သတ်သူ ဗြိတိန်တပ်ဖွဲ့ဝင်တစ်ဦး ထောင်ဒဏ် အနှစ် ၂၀ ချခံရ

ဘဂ္ဂဒက် မတ် ၂

ဗြိတိန်နိုင်ငံသား အီရတ်လုံခြုံရေး အစောင့်တပ်သား ဒန်နီဖစ်ဆိုင်မွန် အသက် ၃၀သည် လုပ်ဖော်ကိုင်ဖက် နှစ်ဦးအားသတ်မှုဖြင့် အီရတ်တရားရုံးက ထောင်ဒဏ်အနှစ် ၂၀ ပြစ်ဒဏ် ချမှတ်ခံရကြောင်း အင်တာနက်သတင်းတွင်မတ် ၁ ရက်၌ဖော်ပြသည်။

ဒန်နီဖစ်ဆိုင်မွန်က ၂၀၀၉ ခုနှစ် ဩဂုတ်လအတွင်းက စကော့တလန်မှ ပေါလ်မက်ဂူဂန်နှင့် ဩစတြေးလျမှ ဒါရင်းဟိုရေးတို့ကို သတ်မိကြောင်း ဝန်ခံခဲ့သည်။

အီရတ် ဥပဒေအရ သေဒဏ်မှာ ထောင်ဒဏ်အနှစ် ၂၀နှင့် ညီမျှသည်။

အမေရိကန် ဦးဆောင်သည့် တပ်များ အီရတ်နိုင်ငံကို ၂၀၀၃ ခုနှစ်တွင် ကျူးကျော်ဝင်ရောက်ပြီးကတည်းက ဒန်နီဖစ်ဆိုင်မွန်မှာ အီရတ်နိုင်ငံ၌ ပြစ်မှုကျူးလွန်ပြီး တရားစီရင်ခံရသည့် ပထမဆုံး ပြည်ပတပ်ဖွဲ့ဝင် ဖြစ်သည်။ **(အင်တာနက်)**

အာဖဂန်၌ တိုက်ခိုက်မှုများ ဖြစ်ပွား နေတိုးတပ်ဖွဲ့ဝင် လေးဦးသေဆုံး

ကဘူးလ် မတ် ၂

အာဖဂန်နစ္စတန်နိုင်ငံအတွင်း မတ် ၁ရက်က တိုက်ခိုက်မှုများဖြစ်ပွားရာ နေတိုး တပ်ဖွဲ့ဝင်လေးဦး သေဆုံးကြောင်း အာဖဂန်စစ်ဘက်ကကြေညာသည်။

ထုတ်ပြန်

နေတိုးတပ်ဖွဲ့ဝင် သုံးဦးမှာ အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၊ တောင်ပိုင်းနှင့်အနောက်ပိုင်းတို့တွင် လမ်းဘေးဗုံးခွဲတိုက်ခိုက်ခံရပြီး သေဆုံးသွားခဲ့ခြင်းဖြစ်ပြီး စတုတ္ထမြောက် သေဆုံးသည့် တပ်ဖွဲ့ဝင်မှာ အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးရခြင်းဖြစ်သည်ဟုလည်း နေတိုးတပ်ဖွဲ့က ထုတ်ပြန်ကြေညာသည်။ **(ယာပုံ)**

ပြောကြား

လာမည့် ရက်သတ္တပတ်များတွင် ရာသီဥတု ပိုမိုသာယာလာမည်ဖြစ်ရာ တိုက်ပွဲများ ပိုမို များပြားလာမည်ဟု ခန့်မှန်းရကြောင်း နေတိုးတပ်ဖွဲ့တပ်မှူးများက ပြောကြားသည်။ ဇန်နဝါရီလ အတွင်းနေတိုးတပ်ဖွဲ့ဝင် ၃၁ ဦး သေဆုံးပြီး ဖေဖော်ဝါရီလအတွင်းတွင် သေဆုံးသည့်တပ်ဖွဲ့ဝင် ဦးရေ ၃၄ ဦးရှိကြောင်း သိရသည်။ **(အင်တာနက်)**

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် မတ် ၂

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး မတ် ၂ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ **၃၃၆၇၉** ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၄၁၀၀၉** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၆၇၉ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၄၁၀၀၉ ဦး

(အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် မတ် ၂

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး မတ် ၂ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ **၇၀၅၁၁၈** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၁၂၇၆၇၀၀** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၅၁၁၈ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၆၇၀၀ ဦး

(အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

➤ မိုးမြင့်လင်းလက် - ရေးသားသည် ➤

ဂလိုရီဂြိုဟ်တု နာဆာလွှတ်တင်မည်

ဝါရှင်တန် မတ် ၂

နာဆာက ဂလိုရီအမည်ရှိ ဂြိုဟ်တုကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ကနေဒီအာကာသယာဉ်လွှတ်တင်ရေးစခန်းမှ မတ် ၄ရက် ဒေသစံတော်ချိန် နံနက်၅ နာရီ ၀၉ မိနစ်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း မတ် ၂ ရက်၌ သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

ဂလိုရီဂြိုဟ်တုသည် နေစွမ်းအင်နှင့် ကမ္ဘာ့အပေါ်ယံလေထုတို့က ကမ္ဘာ့ရာသီဥတုအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိသည်ကို လေ့လာကာ သတင်းအချက်အလက်များ ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။ ဂလိုရီဂြိုဟ်တုသည် ကမ္ဘာမြေနှင့် ပတ်သက်သည့် အချက်အလက်များကို သယ်ဆောင်သွားမည်ဖြစ်ရာ အရေးကြီးသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သတင်းနှင့်ဓာတ်ပုံများကို မြေပြင်စခန်းသို့ ပြန်လည်ပေးပို့သွားမည် ဖြစ်သည်။

နေရောင်ခြည်၏ ဖြာထွက်မှုနှင့် နေစွမ်းအင်ကို ကမ္ဘာလေထုကစုပ်ယူမှုတို့ကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု အခြေအနေကို ၎င်းဂြိုဟ်တုက သတင်းနှင့် ဓာတ်ပုံများ ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

မက္ကဆီကို၌ လူအစုအပြုံလိုက် သေဆုံးမှုတွေ့ရှိ

မက္ကဆီကိုစီးတီး မတ် ၂

မက္ကဆီကိုနိုင်ငံတောင်ပိုင်း ဂွီရီရိုပြည်နယ်တွင် မတ် ၂ ရက်က လူ ၁၇ ဦးခန့် အစုအပြုံလိုက်သေဆုံးနေမှုကို တွေ့ရှိခဲ့ရကြောင်း မက္ကဆီကို အရာရှိများက ပြောကြားသည်။

လူအစုအပြုံလိုက်သေဆုံးနေမှုကို တွေ့ရှိရသည့်နေရာမှာ ဂွီရီရိုပြည်နယ် ဆန်မီဂွယ်တိုတိုလာပန်မြို့တွင် ဖြစ်ကြောင်း၊ ၎င်းမြို့သည် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် မှောင်ခိုရောင်းဝယ်မှုပြုလုပ်ရာ မြို့တစ်မြို့ဖြစ်ကြောင်း မက္ကဆီကိုရဲတပ်ဖွဲ့က ပြောကြားသည်။ **(အောက်ပုံ)**

မက္ကဆီကို နိုင်ငံတွင် မကြာခင်ရက်များကလည်း လူအစုအပြုံလိုက်သေဆုံးနေမှုများကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ကြသည်။ ယင်းမှာ မူးယစ်ဆေးဝါး ဂိုဏ်းအချင်းချင်း တိုက်ခိုက်သတ်ဖြတ်မှုများဖြစ်သည်။

မက္ကဆီကိုနိုင်ငံတွင် လွန်ခဲ့သည့် လေးနှစ်အတွင်း မူးယစ်ဆေးဝါးဂိုဏ်းများ အပြန်အလှန်တိုက်ခိုက်မှုကြောင့် ပြည်သူ ၃၀၀၀၀ ကျော်သေဆုံးခဲ့ရပြီးဖြစ်သည်ဟု ပြည်တွင်းမီဒီယာများက ဖော်ပြထားသည်။ **(အင်တာနက်)**

အိန္ဒိယ၌ လူ ၁၁ ဦးအား သေဒဏ်ချမှတ်

နယူးဒေလီ မတ် ၂

အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ် အနောက်ပိုင်းတွင် ၂၀၀၂ခုနှစ်က ရထားတစ်စင်းအား မီးရှို့ခဲ့မှုနှင့် ပတ်သက်ပြီး အိန္ဒိယတရားရုံးတစ်ခုက လူ ၁၁ ဦးအား မတ် ၁ ရက်တွင် သေဒဏ်အပြစ်ပေးလိုက်ကြောင်း သတင်းထုတ်ပြန်သည်။

မီးရှို့

၎င်းတို့သည် အိန္ဒိယနိုင်ငံမြောက်ပိုင်းမှပြန်လာသော ခရီးသည်များကို တင်ဆောင်လာသည့် ရထားတစ်စင်းအား မီးရှို့ခဲ့ကြခြင်းကြောင့် ဖြစ်သည်။

အိန္ဒိယအထူးတရားရုံးက မီးရှို့မှုနှင့် လူများသေဆုံးစေမှုတို့တွင် ပါဝင်ပတ်သက်ခဲ့သည်ဟု သံသယရှိသူ ၃၁ ဦးအား စစ်ဆေးခဲ့ပြီးနောက် ပြစ်မှုထင်ရှားသူ ၁၁ ဦးအား သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

(အမ်အင်န်အေ၊ ရိုက်တာ)

မြန်မာနိုင်ငံ ကုန်သည်/ စက်မှုအသင်းချုပ် ဗီယက်နမ်နှင့် ဆွီဒင်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ အားတွေ့ဆုံ

ရန်ကုန် မတ် ၂

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးဝင်းအောင်၊ ဦးအောင်လွင်၊ ဦးထွန်းအောင်နှင့် ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းဘဉာဏ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအုန်းဆိုင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များအား ဗီယက်နမ်နိုင်ငံနှင့် ဆွီဒင်နိုင်ငံတို့မှ အဖွဲ့ဝင် ၁၃ ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်နှစ်ဦး လိုက်ပါလျက် ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲပိုင်းက အသင်းချုပ်ရုံးသို့ လာရောက် တွေ့ဆုံခဲ့ကြသည်။

ရင်းနှီးစွာဆွေးနွေး

အဆိုပါ တွေ့ဆုံပွဲတွင် ဗီယက်နမ်နိုင်ငံ၊ ဆွီဒင်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ လယ်ယာထုတ်ကုန်ကဏ္ဍ လုပ်ကိုင်ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်သီးနှံများ ရောင်းဝယ်ဖောက်ကားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရင်းနှီးစွာ ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

(ကုန်သည်/စက်မှုအသင်းချုပ်)

မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးရုံအုပ်ချုပ်မှုပညာအဖွဲ့ နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် မတ် ၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ ဆေးရုံအုပ်ချုပ်မှုပညာအဖွဲ့၏ ပဉ္စမအကြိမ် နှစ်ပတ်လည် အစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ် ၂၄၉ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၌ မတ် ၁၂ရက်(စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာအသင်းဝင် ဆရာဝန်ကြီးများ၊ ဆေးရုံအုပ်ကြီးများ၊ ရန်ကုန်မြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီးများမှဆေးရုံအုပ်ကြီးများနှင့် ပုဂ္ဂလိကဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများအားတက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ဆုချီးမြှင့်

သာကေတမြို့နယ် အမှတ်(၃၇) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဘက်စုံပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ပထမတန်းမှ ထူးချွန်ဆုရရှိသော မောင်ရဲမာန်အောင်အား ကျောင်းအုပ်ဆရာမကြီးဒေါ်တင်တင်အေး ဆုချီးမြှင့်စဉ်။ (ပညာရေး)

စာကြည့်တိုက် ရှင်သန်ခိုင်မာရေး လှိုင်သာယာ၌ ကွင်းဆင်းဆွေးနွေး

လှိုင်သာယာ မတ် ၂

လှိုင်သာယာမြို့နယ် အမှတ်(၉) ရပ်ကွက် နဝရတ်စာကြည့်တိုက်တွင် ဖေဖော်ဝါရီ ၁၆ ရက်က စာကြည့်တိုက်ရှင်သန်ခိုင်မာရေး ကွင်းဆင်းဆွေးနွေးပွဲနှင့် နံရံကပ်ဓာတ်ပုံပြပွဲကျင်းပရာ အမှတ်(၉)ရပ်ကွက် ဥက္ကဋ္ဌ ဦးသန်းထွဋ်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးဆန်းကျော်ဦးက စံ(၅)ရပ်နှင့် ပြည့်စုံသည့် စာကြည့်တိုက်ဖြစ်ပေါ်ရေး ဆွေးနွေးပြောကြားသည်။

လက်ခံယူ

ဆက်လက်၍ တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသော နံရံကပ်ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။ **(အောက်ပုံ)** ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဓာတ်ပုံကျွမ်းကျင်(၂) ဦးဆန်းကျော်ဦးက ငွေကျပ် ၂၅၀၀၀တန်ဖိုးရှိ သုတ ရသစာအုပ်များကို ပေးအပ်လှူဒါန်းရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းထွဋ်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အာစရိယပူဇော်ပွဲ နေရာပြောင်းလဲ ကျင်းပမည်

ရန်ကုန် မတ် ၂

အင်းစိန်မြို့ တိရစ္ဆာန်ဆေးကုသိပ္ပံတွင် ပညာသင်ကြားခဲ့သော ကျောင်းသားဟောင်းများက မြတ်ဆရာပူဇော်ပွဲနှင့် တိ/ကုသိပ္ပံဆင်းဆရာကြီးများအား ကန်တော့ပွဲကို မတ် ၂၀ ရက် နံနက် ၉ နာရီတွင် ငါးမွေးမြူရေးအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမအစား အင်းစိန်မြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး ရုံးခန်းမ၌ ပြောင်းလဲကျင်းပမည်ဖြစ်၍ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ(စစ်ကိုင်ခေတ်မှ 6th batch VI Course အထိ)ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးအောင်စိုး ဖုန်း-၅၄၅၃၃၅၊ ၀၉-၅၀၆၄၀၂၉၊ ဦးစံကြိုင် ဖုန်း-၀၉-၇၃၀-၁၄၆၈၉၊ ဦးအောင်သန်းမြင့် ဖုန်း-၀၉-၇၃၀-၁၄၃၁၈၊ ဦးထွဏ်းဆွေ ဖုန်း-၀၉-၇၃၀-၃၂၆၂၅၊ ဦးရှောင်စိန် ဖုန်း-၆၄၀၇၆၆၊ ဦးထွန်းလှိုင် ဖုန်း-၀၉-၅၀၆၂၂၄၈၊ ဦးအောင်သန်းဝင်း ဖုန်း-၅၃၈၄၈၂၊ ဦးစိုးတင့် ဖုန်း-၀၅၅-၃၁၁၆၄ နှင့် ဦးဖိုးစိုး ဖုန်း-၀၉-၅၁၁၆၉၀၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ *(မြန်မာ့အလင်း)*

BCB Centre မှ သင်တန်းများဖွင့်မည်

ရန်ကုန် မတ် ၂

MB ဘွဲ့ရ စီးပွားရေးလုပ်ငန်းရှင်များဖွဲ့စည်းထားသော Myanmar Business Executives Network မှ ဖွင့်လှစ်ထားသည့် Business Capacity Building (BCB) Centreတွင် သင်တန်းများကို မတ်လအတွင်း ဖွင့်လှစ်သင်ကြား ပို့ချမည်ဖြစ်ရာ သင်တန်းတွင် အကြောင်းအရာ (၁၁)ခု ပါဝင်ပို့ချမည် ဖြစ်ကြောင်း သိရှိရသည်။

သင်တန်းတွင် Effective Communication & Presentation Skills Course၊ Effective English Four Skills for Youth၊ Computer Application Course၊ Organizational Culture & Leadership Skills Course၊ Business Management Course -Part I တို့ကို ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

သင်ကြားပို့ချ

Business Management Course - Part I တွင် Principles of Management, Framework of Business Management, Entrepreneurship & SME Management, Marketing Management , Account Knowledge for Managers နှင့် Productions & Operations Management တို့ကို ဘာသာရပ်ဆိုင်ရာ အတွေ့အကြုံရှိသော ဆရာ ဆရာမများက သင်ကြားပို့ချမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

အသေးစိတ် သိရှိလိုပါက အခန်း(၃၀၆)နှင့် အခန်း(၄၀၅) ပန်းခြံတာဝါအမှတ်(၈) ဗားဂရာလမ်းနှင့် ဓမ္မစေတီလမ်းထောင့် မြေနီကုန်းစမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၈၅၃၁ နှင့် ၅၃၈၅၁၇ e-mail: bcbcentre 009 @ gmail.com နှင့် bcbcentre @ mptmail. com.mm တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြစ်သားမြို့နယ်၌ အရှည် ၈၆၅ပေ၊ အကျယ် ၁၂ပေရှိ စံပြရွှေသူဌေး(၈)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဦးအောင်ဇော်မင်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကော့မှူးမြို့နယ်၌ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ကော့မှူး မတ် ၂

ကော့မှူးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ရပ်ကွက်နှင့် ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၁ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးညီညီဝင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသင်းရွှေနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးညီညီဝင်းက အမှာစကားပြောကြားပြီး **(အောက်ပုံ)** မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် မတ် ၂

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၅၈)ကို ရန်ကုန်မြို့ အနော်ရထာလမ်း ၃၉ လမ်းထောင့် Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

စိတ်ဝင်စားဖွယ်သတင်းများ

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ ပူတာအို လေယာဉ်ကွင်းအဆင့်မြှင့်၍ ပြေးလမ်းသစ်တိုးချဲ့ ဖောက်လုပ်နေ၊ မြန်မာ့ ပထမဆုံး Online နှင့် Offline ကုန်စည်ပြပွဲကြီး ကျင်းပမည်၊ တန်ဖိုးနည်း အိမ်ရာများကို နှစ်စဉ်လျှော့ထားမှုအလိုက် အကန့်အသတ်မရှိ ဆောက်လုပ်မည်၊ စတီးဝဲလ်လမ်းမကြီး အရှိန်မြှင့်ပြင်ဆင်၍ မြောက်အာရှအထိ ကုန်သွယ်မှုမြန်ဆန်စေမည်၊ ထားဝယ်အထူးစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံသူများ ပြည်ပ ရောင်းရငွေအပေါ် ဝင်ငွေခွန်ငါးနှစ် ကင်းလွတ်ခွင့်ရမည်၊ သုံးနိုင်ငံကမ်းခြေပတ် အပန်းဖြေသင်္ဘောကြီးများဖြင့် ခရီးသွားလိုလျှင်၊ နိုင်ငံတော်ပိုင်နှင့် နိုင်ငံပိုင်သိမ်းဆည်းထားသော မြေနှင့်အဆောက်အအုံ၊ တိုက်ခန်း၊ မြေကွက်တို့ကို ဝယ်ယူရန် အဆိုပြုလွှာတင်သွင်းသူ အထူးများပြား၊ ဖုန်းမလိုဘဲ အခြားမိုဘိုင်းလ်ဖုန်းသို့ SMS ပို့နိုင်မည့် ကြိုတင်ငွေပေးကတ်များ ရောင်းချ၊ စားသောက်ကုန်များ အန္တရာယ်ရှိ မရှိ UMFCCI တွင် အခမဲ့ဓာတ်ခွဲစစ်ဆေးပေးမည်၊ ဉာဏ်ရည်မမီသူများအတွက် အားကစားသင်တန်းကျောင်းကြီး တည်ဆောက်တော့မည်၊ ဆန်းပြားလှသည့် ကမ္ဘာကျော် ရေပန်းမြို့တော်၊ တစ်စတုရန်းမီလီမီတာသာရှိသော ကမ္ဘာ့အသေးဆုံးကွန်ပျူတာ၊ ရေတပ်ကစတင်ပစ်ခတ်သည်ဟုဆိုကာ ဆိုမာလီပင်လယ်ဓားပြများက အမေရိကန်နိုင်ငံသားလေးဦးအား သတ်ဖြတ်၊ ဝီကီလိခ်ထူထောင်သူကို ဆွီဒင်သို့ တရားစွဲဆိုရန်လွှဲပြောင်းပေး၊ (၈၃)ကြိမ်မြောက် အော်စကာရုပ်ရှင်ထူးချွန်ဆုပေးပွဲကျင်းပ…စသည့် စိတ်ဝင်စားဖွယ် သတင်းများဖြင့် အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အထက်တန်းကျောင်းများသို့ စာသင်ခုံများလှူဒါန်းပွဲ တိုင်းမှူး ပိုလ်မှူးချုပ်သန်းထွန်းဦး တက်ရောက်

နေပြည်တော် မတ် ၂

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦးသည် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပသည့် (၆၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ယှဉ်ပြိုင်ဖြေဆိုနေမှုများကို ကြည့်ရှုအားပေးသည်။

ပေးအပ်လှူဒါန်း

တိုင်းမှူးသည် ဖေဖော်ဝါရီ ၂၄ရက်က ကျိုင်းတုံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတို့အတွက် စာသင်ခုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး စာသင်ခုံများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် စာသင်ဆောင်များ၊ ကျောင်းစာကြည့်တိုက်နှင့် မာလ်တီမီဒီယာစာသင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ကွမ်းခြံကုန်း မတ် ၂

၂၀၁၀ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက ကွမ်းခြံကုန်းမြို့နယ် မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝေလင်းက အမှာစကားပြောကြားပြီး ကွမ်းခြံကုန်း မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးသိန်းငွေက လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲသို့ မြို့နယ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းနှင့်ဆက်စပ်သည့် လုပ်ငန်းဌာနများမှ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ကွမ်းခြံကုန်းမြို့နယ် မြေစာရင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူးနှင့် မြေတိုင်း(၄) များ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။(အောက်ပုံ)(မြို့နယ် ပြန်/ဆက်)

ချောင်းသာကမ်းခြေ၌ ဈေးရောင်းပွဲတော် ကျင်းပ

ရန်ကုန် မတ် ၂

သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ချောင်းသာကမ်းခြေခရီးသွားလုပ်ငန်းများ မြှင့်တင်ရေးနှင့် ဒေသအကျိုးပိုမိုဖြစ်ထွန်းစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ချောင်းသာဇုန်) က ကြီးမှူးပြီး ဟိုတယ်အလိုက် စတုဒိသာကျွေးမွေးဧည့်ခံခြင်း၊ ပျော်ပွဲရွှင်ပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်ညနေက ကမ်းခြေသဲသောင်ပြင်မုခ်ဦးရှေ့၌ကျင်းပရာ ရေးဦးစွာကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌဦးမင်းကျော်ဦးက ပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်ပေး

ထို့နောက် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ခိုင်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ကြည်၊ချောင်းသာဇုန် အတွင်းရေးမှူးဦးမောင်မောင်ထွေးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ဆုချီးမြှင့်

ယင်းနောက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဒေသခံများ၊ချောင်းသာကမ်းခြေရောက်ဧည့်သည်များကဟိုတယ်အလိုက် ဧည့်ခံသော စတုဒိသာအကျွေးအမွေးများကို လိုက်လံအားပေးကြပြီး တာဝန်ရှိသူတို့က ဓာတ်ပုံပြိုင်ပွဲ၊ သဲသောင်ပြင်ဘော်လီဘောပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြသည်။

စည်ကားစွာကျင်းပ

ချောင်းသာကမ်းခြေ ပျော်ပွဲရွှင်ပွဲ ပွဲတော်ကို ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ ရိုးရာအားကစားပြိုင်ပွဲများ၊ နာမည်ကျော် အဆိုတော်များ၊ ခေတ်အလိုက်အကအဖွဲ့များ၊ အငြိမ့်အဖွဲ့များဖြင့် ဖြေဖျော်ခဲ့ကြပြီး ဒေသထွက်ကုန်အရောင်းဆိုင်များဖြင့်စည်ကားစွာကျင်းပခဲ့ကြောင်းသိရှိရသည်။(မြန်မာ့အလင်း)

ဒေးဒရဲမြို့နယ် တော်ကြပ်-ညောင်တစ်ပင်လမ်းပေါ်ရှိ ကွန်ကရစ်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ဖေဖော်ဝါရီ ၂၂ ရက်ကတာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းညွန့် ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဖေဝင်းသူ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၂

ပြည်တွင်း ပြည်ပရှိ Hotel, Restaurant နှင့် Hospitality လုပ်ငန်းများတွင် Management Level နှင့် ဝင်ရောက်လုပ်ကိုင်မည့်သူများ၊ကိုယ်ပိုင်ဟိုတယ်၊ Restaurant နှင့် Coffee Shop များ၌ စီမံအုပ်ချုပ်လိုသူများအတွက် ရည်ရွယ်၍ International Hospitality Management Course သင်တန်း အပတ်စဉ်အသစ်ကို မတ် ဒုတိယပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

သင်ကြားပေး

HND-BETEC (UK)နှင့် Institute of AH & LA (USA)မှ သတ်မှတ်ထားသော Course Guide Line များကို အခြေခံပြီး နိုင်ငံတကာဟိုတယ်လုပ်ငန်းအတွေ့အကြုံရှိ ဆရာဆရာမများကိုယ်တိုင်တတ်မြောက်ကျွမ်းကျင်သည်အထိ သင်ကြားပေးမည်ဖြစ်ကာ Leadership & People Management, Human Resources Management, Sale & Marketing Management, Front Office Management, Food & Beverage Management, Housekeeping Management စသည့် ဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ငါးလကြာမြင့်မည်ဖြစ်သည်။

လက်ရှိဟိုတယ်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက်လည်း Management Skills များ ပိုမိုသိရှိနားလည်စေရန်အတွက်ရည်ရွယ်ပြီး သင်တန်းကြေးအထူးနှုန်းနှင့် Duty ချိန်လွတ်သင်တန်းများကိုလည်း စီစဉ်ပေးမည်ဖြစ်သည်။

လေ့ကျင့်ပေး

ပြည်တွင်း ပြည်ပရှိ နိုင်ငံတကာဟိုတယ်ကြီးများတွင် အလုပ်အကိုင်ရရှိရန်အတွက်လည်း အခမဲ့ ကူညီပေးပြီး လုပ်ငန်းခွင် ဝင်ရောက်နိုင်ရန် Interview အတွက် ကြိုတင်ပြင်ဆင်မှုများ၊Pre Interview များကိုလေ့ကျင့်ပေးသည်။

စိတ်ပါဝင်စားသူများ အနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း ၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀ နှင့် e-mail: info@ starresources.com တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

တောင်ငူမြို့ (၁)လမ်းနေ ဒေါ်အောင်အားရည်စူး၍ ခင်ပွန်း ဦးခင်မောင်၊ သမီးများဖြစ်ကြသည့် မခင်ဝင်းအောင်၊ မမြင့်မြင့်ကြည်နှင့် မစန်းစန်းတို့ မိသားစုက တောင်ငူမြို့ ကေတုမတီဘိုးဘွားရိပ်သာသို့ ထာဝရ ငွေပဒေသာပင် စိုက်ထူရန်အတွက် အလှူငွေကျပ် နှစ်သိန်းကို ဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးမြင့်ညို(အမေ့အိမ်)ထံ ပေးအပ်လှူဒါန်းကြစဉ်။ (၀၄၇)

မြန်မာနယူးစ်ဝိခ်ဂျာနယ်ထုတ်ဝေ

ရန်ကုန် မတ် ၂

စင်ကာပူမှာဆေးကုမှာလား‥ ဒါလေးဖတ်ပါ၊ ဆေးကုသစရိတ် ဒေါ်လာ ၂၄ ဒသမ ၈ သန်း တိုးမြှင့်မတရားတောင်းခံသည့် ဆရာဝန်မကြီး စုံစမ်းစစ်ဆေးခံနေရသတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၆၈)ကို ဖြန့်ချိလိုက်သည်။

ထုတ်ဝေ

လောင်းကစားစွဲလမ်းသူများဖတ်သင့်သည့် သတင်းတစ်ပုဒ်၊ ကုန်သတ္တာ(ကွန်တိန်နာ)ကားများ ရန်ကုန်မြို့တွင်ရှားပါး၊ ကားမှတ်တိုင်အနီးရှိ စက်သုံးဆီဆိုင်များတွင် စက်သုံးဆီတန်းစီသောကားများနှင့် စည်းကမ်းမဲ့ခရီးသည်တင်ယာဉ်များ ယာဉ်တိုက်မှုဖြစ်ပွားမည်ကို စိုးရိမ်နေရ၊ မည်သည့်ကားမဆိုတစ်ရက်တစ်ခေါက်သာ ဆီထုတ်ယူကြပါရန်၊ ရှာပုံတော်မင်းသားကြီးတို့ မမောနိုင်မပန်းနိုင်၊ ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ကုန်တင်သင်္ဘောတစ်စင်း မီးလောင်မှုဖြစ်ပွား၊ အီရန်စစ်သင်္ဘောများ စူးအက်တူးမြောင်းမှ ဖြတ်သွားခြင်းသည် အစ္စရေးကို ရန်စသည်ဟုစွပ်စွဲ၊ လက်ဘနွန်နိုင်ငံထဲသို့ဝင်ရောက်ပြီး ဟစ်ဇ်ဘိုလာတို့အား လိုက်လံတိုက်ခိုက်ဖွယ်ရှိဟု အစ္စရေးကာကွယ်ရေးဝန်ကြီးသတိပေး၊ မြေထဲပင်လယ်အတွင်းမှ အီရန်စစ်သင်္ဘောနှစ်စင်းကို နေတိုးစောင့်ကြည့်နေ၊တရုတ်နိုင်ငံလေယာဉ်တင်ဒုံးပျံသင်္ဘောများကအာရှရှိ အမေရိကန်ရေတပ်အင်အားကို မည်သို့မျှမတုန်လှုပ်စေနိုင်ကြောင်း အမေရိကန်ရေတပ်ဗိုလ်ချုပ်ကြီးပြောကြား၊ ဥရောပဒုံးကျည်ကုမ္ပဏီ (MBDA)က ဖောက်သည်နိုင်ငံများသို့ ဘက်စုံတိုက်ခိုက်ရေးယာဉ်များ တင်ပို့ရောင်းချရန်ရှိနေ၊ အီရန်၏နျူကလီးယားအစီအစဉ်အပေါ်ဆင်နွှဲသည့် လျှို့ဝှက်စစ်ပွဲ စသည့် နောက်ဆုံးရ ပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။ (သတင်းစဉ်)

ရန်ကင်းမြို့နယ် အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်း ၂၀၁၀- ၂၀၁၁ ခုနှစ် ပညာသင်နှစ် မူလတန်းအဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်နုနုရီ က စတုတ္ထတန်းကျောင်းသားမောင်ဇော်ရဲထက်အား သင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်စဉ်။ (၀၄၃)

လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေး အုတ်တွင်း၌ ကွင်းဆင်းဆောင်ရွက်

အုတ်တွင်း မတ် ၂

မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးစီမံကိန်းလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိရာ အုတ်တွင်းမြို့နယ် မြေစာရင်းဦးစီးဌာနက ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်ကောက်ယူလျက်ရှိသည်။ ဖေဖော်ဝါရီ ၁၉ ရက်က အုတ်တွင်းမြို့နယ် ဝဲဒေါင့်ကျေးရွာအုပ်စု ကျောင်းစုကျေးရွာ၌ မြို့နယ်မြေစာရင်းဝန်ထမ်းများမှ ကွင်းဆင်းကောက်ယူရေး လုပ်ငန်းများကို ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးမြတ်သုဝေနှင့်မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးနိုင်ဝင်းထွေးတို့ကကြီးကြပ်စစ်ဆေးခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များကို ကွင်းဆင်းမှာကြားသည်။

မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းကို ဖေဖော်ဝါရီ ၁၅ ရက်မှ မတ် ၃၁ ရက်အထိ ကွင်းဆင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (မြို့နယ်မြေစာရင်း)

စွမ်းအင်ဝန်ကြီးဌာန၌ ထူးချွန်သူများအား ဆုချီးမြှင့်

နေပြည်တော် မတ် ၂

၂၀၁၀ခုနှစ် အာဆီယံဆုတံဆိပ်များ အစီအစဉ်၊ စက်ရုံများနှင့်အဆောက်အအုံများတွင် အကောင်းဆုံးစွမ်းအင် စီမံခန့်ခွဲမှုပြိုင်ပွဲ၊ စွမ်းအင်အကျိုးရှိထိရောက်စွာအသုံးပြုကြသောအဆောက်အအုံများ ပြိုင်ပွဲနှင့် ပြန်ပြည့်မြဲစွမ်းအင် အသုံးချရေးစီမံကိန်းပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သူများ၊ ပြိုင်ပွဲဝင် အဖွဲ့အစည်းများနှင့် ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်နိုင်ရေးအတွက်ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည့် အခမ်းအနားကို မတ် ၁ ရက် ညနေ ၃ နာရီက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ကျင်းပရာ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးလွန်းသီ၊ ဒုတိယဝန်ကြီး ဦးသန်းဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ဝန်ကြီးကအမှာစကားပြောကြားပြီး ပြိုင်ပွဲရွေးချယ်စိစစ်ရေးအမျိုးသားကော်မတီ တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးဝင်းခိုင်ကပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်စက်ရုံများ၊ အဆောက်အအုံများနှင့် ပြန်ပြည့်မြဲစွမ်းအင် အသုံးချရေးစီမံကိန်းတို့၏ ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဝန်ကြီးက ၂၀၁၀ခုနှစ် အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်များ အစီအစဉ်ပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သူများအား လည်းကောင်း၊ ဒုတိယဝန်ကြီးဦးသန်းဌေးက ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား လည်းကောင်း၊ တာဝန်ရှိသူများက အခြားဆုရရှိသူများအားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများကိုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ လှိုင်မြို့နယ်နေ ဥက္ကဋ္ဌ ဦးအေးကိုနှင့်ဇနီး ဒေါ်နုနုခင်တို့အား အမှူးထား၍ မြန်မာကိုင်ဒိုကုမ္ပဏီက ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကင်ဆာရောဂါကု ဓာတ်ရောင်ခြည်စက်ပြုပြင်ရန် ဒုတိယအကြိမ် လှူဒါန်းငွေကျပ် ၁၀၂၃၀၅၀၀ကို ဓာတ်ရောင်ခြည်ဌာနပါမောက္ခဌာနမှူး ဒေါက်တာစိုးဦးမောင်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာနုနုသာတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

နမ္မတူမြို့နယ် ဗိုလ်ချုပ်လမ်းဆုံ လမ်းလယ်ကျွန်း တြိဂံတွင် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ မြေယာရှုခင်းအလှ ဆောင်ရွက်ခြင်းကိုဖေဖော်ဝါရီ ၄ ရက်က အဖွဲ့ဝန်ထမ်းများနှင့်အတူ အမှုဆောင်အရာရှိ ဦးဆန်းဝင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျောက်ပုစွန်မျိုးများ ထိန်းသိမ်းကာကွယ်ရေး သံဖြူဇရပ်၌ ကွင်းဆင်းစစ်ဆေး

သံဖြူဇရပ် မတ် ၂

မြန်မာ့ပင်လယ်ပြင် အတွင်းရှိ ကျောက်ပုစွန်မျိုးများ ထိန်းသိမ်းမှု ကာကွယ်ရန်နှင့် မျိုးထိန်းသိမ်းနိုင်ရေးအတွက် မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြတ်သာထွန်းနှင့်အဖွဲ့သည် သံဖြူဇရပ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှမင်းဇော်နှင့်အတူ ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက သံဖြူဇရပ်မြို့နယ်ကရင်သောင်ကျေးရွာအုပ်စု အနမ်းစမ်းရွာရှိ ကျောက်ပုစွန်ဘေးမဲ့ဇုန်ကို လည်းကောင်း၊ စက်စဲကျေးရွာအုပ်စု ရသေ့တောင်ရွာရှိ ပုစွန်ရောင်းဝယ်စုဆောင်းသူများ၏ကျောက်ပုစွန်၊ ကင်းပုစွန်အရွယ်အစားကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှမင်းဇော် ရှင်းလင်းပြသသည်။

တွေ့ဆုံဆွေးနွေး

ခရိုင်ငါးလုပ်ငန်းဦးစီးမှူးနှင့် အဖွဲ့သည် ကျိုက္ခမီမြို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းလှေများ၏ဝင်ရောက်ထွက်ခွာမှုများ၊ ရေငန်ငါးအဝယ်ဒိုင်များ၏ ပင်လယ်ငါးသလောက် ဖမ်းဆီးရမှု အရွယ်အစားကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ငါးဖမ်းလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်းသိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကန်ကြီးထောင့်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဂုဏ်ပြုလွှာပေးအပ်

ကန်ကြီးထောင့် မတ် ၂

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဇရာသီရိသုခခန်းမ၌ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀နာရီခွဲက ရွေးကောက်ပွဲကော်မရှင်၏ ဂုဏ်ပြုလွှာပေးအပ်ပွဲကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အမှာစကားပြောကြားခဲ့ပြီးမြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးသောင်းမြင့်ဦးက ရွေးကောက်ပွဲကော်မရှင်ကိုယ်စား မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ ရွေးကောက်ပွဲကော်မရှင်မှ ပေးအပ်သော ဂုဏ်ပြုလွှာများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် မတ် ၂

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ (၇)၊ အမှတ် (၉)တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေးစီမံကိန်း ပထမအဆင့်အဆောက်အအုံများ ဇူလိုင်တွင်ဖွင့်မည်၊ အင်းစိန်မြို့နယ် အောင်ဇေယျတံတားအနီး ပေါက်ကွဲမှုဖြစ်ပွား၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း၊ ပူတာအိုလေဆိပ် အဲဘတ်စ်-၇၃၇ လေယာဉ်များအထိ ဆင်းသက်နိုင်ရန်တိုးချဲ့တည်ဆောက်၊ အမရပူရမြို့နယ်ကို မန္တလေးစည်ပင်သာယာနယ်နိမိတ်အတွင်း ထည့်သွင်းသတ်မှတ်၊ နွေရာသီမှာ ဘယ်ကိုအပန်းဖြေခရီးထွက်မလဲ၊ ဘုရင့်နောင်ကုန်စည်ဈေးကွက်နှင့် မန္တလေးကုန်စည်ဈေးကွက်သတင်းများ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ ကုန်ဈေးနှုန်းနှင့် လုပ်ခ၊ လစာအကြောင်း၊ နှလုံးသားနူးညံ့တဲ့ လူမျိုးပေါ့ ဇူးဇူးမောင်နှင့်လိုတိုဗျူး စသည့် ဖျော်ဖြေရေးကဏ္ဍများ၊ ပြည်တွင်းသတင်းများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ကဏ္ဍစုံလင်

ကမ္ဘာ့အကြီးဆုံးစိန်ဝါကြီး မည်သူမျှတန်ဖိုးမဖြတ်နိုင်သေး၊ ပေကျင်းလေထု အရည်အသွေးအဆိုးရွားဆုံး အခြေအနေဆိုက်နေ၊ မှုခင်းရေးရာကဏ္ဍ၊ မွေးနေ့ရှင်အဆိုအမိန့်၊ ကျန်းမာရေးကဏ္ဍ၊ နည်းပညာကဏ္ဍ၊ စီးပွားရေးကဏ္ဍ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၃-၃-၂၀၁၁

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၂	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၃	၃။	နိုင်ငံတော်သီချင်း
၇:၀၅	၄။	တရားတော်
၇:၃၀	၅။	ဓမ္မပူဇာတေး
၇:၃၅	၆။	မျိုးချစ်တပ်မတော်
၇:၄၀	၇။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၄၅	၈။	မြန်မာသံစဉ် ချိုနားဝင်
၇:၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၂။	ဦးတည်ချက်(၁၂)ရပ်
၈:၁၃	၁၃။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၄။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၅။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၅	၃။	နိုင်ငံတော်သီချင်း
၄:၁၀	၄။	အဖွင့်သီချင်း
၄:၁၅	၅။	မျိုးချစ်တပ်မတော်
၄:၂၀	၆။	ဇာတ်လမ်းတို
၄:၃၀	၇။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၃၅	၈။	ဗွီစီဒီကျော်ကြားတေး
၄:၄၅	၉။	မွေးမြူသုတ
၄:၅၀	၁၀။	မြန်မာသံစဉ် ချိုနားဝင်
၄:၅၅	၁၁။	ရန်သူမီး
၅:၁၀	၁၂။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၄၄)
၆:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅	၁၅။	အမျိုးသားရေးတေးကဗျာ
၆:၃၀	၁၆။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၅	၁၇။	ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၃)
၇:၀၀	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောအားမာန်** (အပိုင်း-၄၃)
၈:၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	ဦးတည်ချက်(၁၂)ရပ်
	၂၂။	နိုင်ငံတကာသတင်း
	၂၃။	မိုးလေဝသသတင်း
	၂၄။	အနုပညာရှင်၏ တစ်နေ့တာ
	၂၅။	လျှပ်တစ်ပြက်
	၂၆။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်၌တည်သောသစ္စာ** (အပိုင်း-၉)
	၂၈။	ဂီတရင်ခုန်သံ
	၂၉။	သင့်အတွက် မနက်ဖြန်
	၃၀။	အပိတ်နှုတ်ဆက်စကား
	၃၁။	ပြီးပါပြီ။

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၂

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Rimbunan Petrogas Ltd. သည် မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-1 တွင် Geotechnical Site Survey (GTI) တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV-Mariner ဖြင့် မတ် ၈ ရက်မှ ၂၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

တည်နေရာ

Geotechnical Site Survey (GTI) တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့် တည်နေရာဧရိယာမှာ Point A မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၆ မိနစ် ၄၆ ဒသမ ၃၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၂ မိနစ် ၂၃ ဒသမ ၇၂ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၆ မိနစ် ၄၄ ဒသမ ၀၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၄ မိနစ် ၃၈ ဒသမ ၁၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄ မိနစ် ၃၄ ဒသမ ၁၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၄ မိနစ် ၃၅ ဒသမ ၆၆ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄ မိနစ် ၃၆ ဒသမ ၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၂ မိနစ် ၂၁ ဒသမ ၃၀ စက္ကန့်အတွင်းတွင်ဖြစ်သည်။

အသိပေး

သို့ဖြစ်၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-1 တွင် Geotechnical Site Survey (GTI) တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV- Mariner ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန် ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း၊ ငါးဖမ်းကိရိယာများ၏ အထောက်အကူပြုပစ္စည်းများ (ဝါးပိုးဝါးများ သွယ်တန်းစိုက်ထားခြင်း)နှင့် ကျားပိုက်များသွယ်တန်းထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံထုတ်ကုန်ပစ္စည်းပြပွဲ ကျင်းပ

ရန်ကုန် မတ် ၂

ဂမုန်းပွင့် ကုမ္ပဏီလီမိတက်နှင့် DEP (Department of Export Promotion) တို့ ပူးပေါင်းစီစဉ်သည့် 5th Made In Thailand Festival ကို မတ် ၁ ရက်မှ ၁၄ ရက်အထိ ကျင်းပလျက်ရှိသည်။

ရောင်းချ

ထိုင်းနိုင်ငံမှ ထုတ်လုပ်သည့် နာမည်ကြီးအမှတ်တံဆိပ်များဖြစ်သော Vanson, Oasis,Kiddo, Valentino Rudy, Luigi Batani, Harzard, Giffini, Play Boy, Nobody, Toffy Sweet, OVO, Fido Dido, Camella, C' Care, Lolane, Now How အမှတ်တံဆိပ် စသော အမျိုးသား အမျိုးသမီး၊ကလေးအဝတ်အထည်များ၊ အလှကုန်ပစ္စည်းများနှင့် ဖိနပ်အမျိုးမျိုးတို့ကို အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည့်အပြင် ထိုင်းနိုင်ငံထုတ်ပစ္စည်းများကို တင်သွင်းရောင်းချလျက်ရှိသည့် ကုမ္ပဏီပေါင်း ၄၀ ကျော်၏ အရောင်းမြှင့်တင်ခြင်းများ ပါဝင်ကြောင်းသိရသည်။**(အောက်ယာပုံ)**

ကံစမ်းရွေးချယ်

ဈေးဝယ်သူများအနေဖြင့် အခွင့်အရေးသုံးခု ရရှိနိုင်ရာ ပထမအခွင့်အရေးအနေဖြင့် ထိုင်းနိုင်ငံလုပ်ပစ္စည်းများကို ဝယ်ယူပါက အထူးလျှော့ဈေးများ၊လက်ဆောင်ပစ္စည်းများ ရရှိမည်။ ဒုတိယအခွင့်အရေးမှာ တစ်ရက်အတွင်း ငွေကျပ် သုံးသောင်းဖိုးနှင့်အထက် ဝယ်ယူပါက အိမ်သုံးလျှပ်စစ်ပစ္စည်းများအပါအဝင် ဗလာမပါ ကံစမ်းမဲများချက်ချင်းကံစမ်းနိုင်မည်ဖြစ်သည်။ အထူးအခွင့်အရေးအနေဖြင့် ငွေကျပ် သုံးသောင်းဖိုးနှင့် အထက်ဝယ်ယူထားသော ကူပွန်များထဲမှ ကံစမ်းရွေးချယ်၍ ရန်ကုန် - ဗန်ကောက် - ရန်ကုန် လေယာဉ်လက်မှတ်ကို ချီးမြှင့်မည်ဖြစ်ကြောင်း သိရှိသည်။ **(သတင်းစဉ်)**

လှိုင်ကော်၌ စာရေးကိရိယာများ လှူဒါန်း

လှိုင်ကော် မတ် ၂

ကယားပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်ဆွေညွန့်နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးတို့အဖွဲ့သည် ဖေဖော်ဝါရီ ၂၂ ရက်က ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် ဒေါ်ပိုးစီရွာ အမှတ်(၃) ဘုန်းတော်ကြီးသင် ပညာရေးမူလွန်ကျောင်းသို့ သွားရောက်၍ ကျောင်းသားကျောင်းသူများအတွက် စာရေးကိရိယာနှင့်ပစ္စည်းများ သွားရောက်လှူဒါန်းကြောင်း သိရှိရသည်။

(အမျိုးသမီးရေးရာ)

တောင်ပိုင်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် မတ် ၂

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မတ် ၃ ရက် ညနေအထိခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆွေးနွေး

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်းဒေသကြီး သွေးလွန်တုပ်ကွေးနှင့် Chikungunya အဖျားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း အသိပေးဆွေးနွေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က အဖွင့်အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** တိုင်းဒေသကြီး ငှက်ဖျားဆရာဝန်ကြီး ဒေါက်တာဆွေဇင်ဝင်းက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းစဉ်များ၊ Chikungunya အဖျားရောဂါ အကြောင်းနှင့် ကာကွယ်နှိမ်နင်းရေး လုပ်ငန်းစဉ်များအကြောင်းတို့ကို တင်ပြဆွေးနွေးသည်။

တက်ရောက်

အခမ်းအနားသို့ တိုင်းဒေသကြီး ကျန်းမာရေးကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးနှင့် အရာရှိများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး၊ ပညာရေးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် မြို့နယ် ၄၅ မြို့နယ်မှ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(ဝ၅၂)

အခြေခံပညာ မူလတန်းကျောင်းခွဲ ပေါင်းတည်မြို့နယ်၌ဖွင့်

ပေါင်းတည် မတ် ၂

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် သစ်ပုတ်ကျေးရွာအုပ်စု မရိုးကျွန်းကျေးရွာ၌ အခြေခံပညာ မူလတန်းကျောင်းခွဲ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီတွင်လည်းကောင်း၊ ပြန်ချီတပ်ကျေးရွာအုပ်စု ညောင်နီပင်ကျေးရွာ၌ မွန်းလွဲ ၁ နာရီတွင်လည်းကောင်း ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလင်းသန့်က အမှာစကားပြောကြား၍ မြို့နယ်ပညာရေးမှူး ဦးမောင်မောင်ဌေးက ပညာရေးဆိုင်ရာများ ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးအောင်သန်းဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

ဝမ်းပျက်ဝမ်းလျှောရောဂါသည် ရာသီမရွေး၊ ဒေသမရွေး၊ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်သော ကူးစက်ရောဂါ ဖြစ်သည်။ အထူးသဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် သောက်ရေ၊ သုံးရေညစ်ညမ်းမှုများကြောင့် ပိုမိုဖြစ်ပွားလေ့ရှိသည်။ ဤရောဂါသည် ယင်ကောင်မှတစ်ဆင့်လည်းကောင်း၊ မသန့်ရှင်းသောရေနှင့် အစားအစာများမှလည်းကောင်း၊ မသန့်ရှင်းသောလက်မှလည်းကောင်း ကူးစက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ကာကွယ်ရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) အစားအစာနှင့် ပတ်သက်၍

- ၁။ ယင်နားစာနှင့် အမှည့်လွန်သော အသီးများကိုမစားပါနှင့်။
- ၂။ သန့်သန့်ရှင်းရှင်း ပြုပြင်ချက်ပြုတ်မထားသော လက်သုပ်အစားအစာများနှင့် အခြားအစားအစာများကို မစားပါနှင့်။
- ၃။ လတ်ဆတ်သော အသား၊ ငါးများနှင့် အသီးအရွက်များကိုသာ ဝယ်ယူချက်ပြုတ်စားသုံးပါ။
- ၄။ အသား၊ ငါးနှင့်အသီးအရွက်များကို ခုတ်ဖြတ်ရာတွင် စဉ်းတီတုံးနှင့် ဓားများကို သီးသန့်ထားပြီး သန့်ရှင်းစွာအသုံးပြုပါ။
- ၅။ အစားအစာများ၊ အသားငါးများနှင့် အသီးအရွက်များကို ကျက်အောင်ချက်ပြီး စားသုံးပါ။
- ၆။ အစားအစာများကို ယင်၊ ပိုးဟပ်၊ အိမ်မြှောင်နှင့် ဖုန်မှုန့်များမှ ကာကွယ်ရန် အုပ်ဆောင်းဖြင့်အုပ်ထားပါ။

(ခ) ရေနှင့်ပတ်သက်၍

- ၁။ ရေကို ရေသန့်ဆေးရည်ခတ်၍ဖြစ်စေ၊ ကျိုချက်ပြီးမှဖြစ်စေ သောက်သုံးပါ။
- ၂။ သန့်ရှင်းသောရေဖြင့်သာ အသား ငါးများနှင့် ဟင်းသီးဟင်းရွက်များကို ဆေးကြောပါ။ ဖြစ်နိုင်ပါက ရေသန့်ဆေးရည် (ကလိုရင်းဆေးရည်) ခတ်ထည့်ထားသောရေဖြင့် ဆေးကြောပါ။
- ၃။ ရေထွက်ပင်ရင်းများ (ရေတွင်း၊ ရေကန်၊ တုံကင်၊ အဝီစိတွင်းများ)အား ပြင်ပရေများစိမ့်ဝင်ခြင်း၊ အမှိုက်၊ ကျွဲနွားတိရစ္ဆာန်များနှင့် ထိတွေ့ခြင်းမရှိစေရန် အကာအကွယ်ပြုလုပ်ပါ။

(ဂ) လက်သန့်ရှင်းရေးနှင့်ပတ်သက်၍

- ၁။ အစာမစားမီ၊ အိုးခွက်ပန်းကန်များမကိုင်တွယ်မီ လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးပါ။
- ၂။ လက်ဆေးရာတွင် သန့်ရှင်းသောရေဖြင့် လောင်းဆေးပါ။
- ၃။ အိမ်သာတက်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးပါ။

(ဃ) အိုး၊ ခွက်၊ ပန်းကန်များနှင့်ပတ်သက်၍

- ၁။ အိုး၊ ခွက်၊ ပန်းကန်၊ ဇွန်းများကို သန့်ရှင်းသောရေဖြင့် လောင်းဆေးပြီး စင်ပေါ်တွင်ထားပါ။
- ၂။ အိုး၊ ခွက်၊ ပန်းကန်၊ ဇွန်းများအပေါ်သို့ ပိုးဟပ်၊ အိမ်မြှောင်၊ ပုရွက်ဆိတ်များနှင့် ကြွက်များ ဖြတ်ကျော်၍ ညစ်ညမ်းနိုင်သဖြင့် အစားအစာများမထည့်မီ ပြန်၍ဆေးကြောပြီးမှ အသုံးပြုပါ။

(င) အိမ်သာနှင့်ပတ်သက်၍

- ၁။ ယင်လုံအိမ်သာကိုသာ တစ်ရွာလုံး၊ တစ်မြို့လုံး ဆောက်လုပ်သုံးစွဲပါ။
- ၂။ အိမ်သာများကို သန့်ရှင်းသပ်ရပ်စွာ အမြဲသုံးစွဲပါ။
- ၃။ အိမ်သာအထွက် လက်ဆေးရန် ရေနှင့် ဆပ်ပြာများ အဆင်သင့်ထားရှိပါ။
- ၄။ အိမ်သာကို ရေတွင်းရေကန်များနှင့် ပေ ၅၀ အကွာနိမ့်သည့် အရပ်တွင် ဆောက်လုပ်ပါ။

(စ) ဝမ်းပျက်ဝမ်းလျှောရောဂါတစ်ခုခုဖြစ်လျှင်

- ၁။ ကျန်းမာရေးဌာနသို့ အမြန်ဆုံးအကြောင်းကြားပါ။ ထိရောက်စွာ ကုသမှုခံယူပါ။
- ၂။ ဝမ်းပျက်ဝမ်းလျှောရောဂါ တစ်ခုခုဖြစ်လျှင် ဓာတ်ဆားဖျော်ရည်သောက်ပါ။ မရနိုင်ပါက ထမင်းရည်၊ အုန်းရည်၊ သံပရာရည် စသည်တို့ကို များများသောက်ပါ။
- ၃။ လူနာ၏ အညစ်အကြေးပေကျံနေသော အဝတ်များကို အခြားအဝတ်များနှင့် မရောနှောဘဲ သီးသန့်လျှော်ဖွပ်ပါ။
- ၄။ လူနာပြုစုသူသည် မိမိလက်ကို စနစ်တကျ ဆပ်ပြာသုံး၍ ရေလောင်းဆေးပါ။

ကျန်းမာရေးဝန်ကြီးဌာန

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်းမပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြု သုံးစွဲရန်။

မြန်မာ့အလင်းရုပ်ရှင်အမြည်း

ရန်ကုန်မြို့လယ်၌ ကြိုးကြာတောင်ပံခတ်သံ ရုံဝင်မည်

ရန်ကုန် မတ် ၂

ယခုသီတင်းပတ်သောကြာ မတ် ၄ ရက်တွင် ၂၀၀၉ ခုနှစ်အတွက် အကယ်ဒမီနှစ်ဆုရ **ကြိုးကြာတောင်ပံခတ်သံ** ရုပ်ရှင်ဇာတ်ကား ရန်ကုန်မြို့လယ်ရှိ သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံဝင်မည်ဖြစ်သည်။

ပါဝင်သရုပ်ဆောင်

တက္ကသိုလ် ကျောင်းသား ဘဝ ခင်မင်ရင်းနှီးခဲ့ကြသော သူငယ်ချင်း သုံးဦးအကြောင်းကို ဇာတ်လမ်းဇာတ်အိမ် ကောင်းကောင်း၊ ရှုခင်း၊ ရှုကွက် ကောင်းကောင်းဖြင့် ချင်းတောင်တန်းများ၏ ပုံရိပ်များပါမကျန် ခက်ခဲစွာ ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။ ဒေါက်တာလတ်ငြိမ်း၊ ကျောင်းအုပ် ဆရာမကြီး စိုးစိုးမာ၊ ဒေါက်တာသွယ်စုလှိုင်နှင့် သိန်းမိုးတို့က **ကြိုးကြာတောင်ပံခတ်သံ** ရုပ်ရှင်ကားထဲ၌ ရင်နင့်ဖွယ်၊ လွမ်းမောဖွယ်ရာ ဇာတ်ကွက်များဖြင့် ပါဝင်သရုပ်ဆောင်ထားကြသည်။

မွန်မြတ်ဖြူစင်သော ဆရာဝန်တစ်ဦး၏ တောင်တန်းဒေသ၌ စေတနာရှေ့ထား ကုသပေးခဲ့မှုပုံရိပ်များကို ပရိသတ်များ ရှုမြင်ခံစားကြရမည်ဖြစ်သည်။ အဆိုပါဇာတ်ကားတွင် နေတိုး၊ ကျော်ကျော်ဗို၊ အိန္ဒြာကျော်ဇင်၊ ဝိုင်းစုခိုင်သိန်း၊ မိုးယုစံနှင့် ချင်းတိုင်းရင်းသားတိုင်းရင်းသူများ ပါဝင်သရုပ်ဆောင်ထားကြသည်။

ရုံဝင်ပြသမည်

ရန်ကုန်မြို့ရှေ့ဆောင်ရုံတွင် **ဟောရှော့-3** ဇာတ်ကား ပြသမည်ဖြစ်ပြီး နေပြည်တော်တွင် **GULLIVER'S TRAVELS** ရုပ်ရှင်ဇာတ်ကား ရုံဝင်ပြသမည်ဖြစ်ပါကြောင်း ရုပ်ရှင်အမြည်းအဖြစ် သတင်းစကားပါးလိုက်ရပေသည်။

။ **(မြန်မာ့အလင်း)**

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ကြိုးကြာတောင်ပံခတ်သံ ရုပ်ရှင်ဇာတ်ကားမှ သရုပ်ဆောင် နေတိုးနှင့် အိန္ဒြာကျော်ဇင်တို့၏ သရုပ်ဆောင်ဟန်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက် (အဖိတ်နေ့)
၃-၃-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ **အင်္ဂုဇာယမင်္ဂလံ** (ယဉ်ဝေယံထွန်း၊ တေးရေး- ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈း၀၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈း၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၁၅ ၈။ အကပဒေသာ
၈း၂၅ ၉။ (၆၆)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၅ ၁၀။ International News
၈း၄၀ ၁၁။ အကပြိုင်ပွဲ
၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၃၀ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၄း၄၀ ၅။ ဇီဝမျိုးစုံ မျိုးကွဲများ
၄း၅၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (အရှေ့တိုင်းပညာ၊ မြန်မာစာ၊ မြန်မာမှုပညာ၊ ရသစာပေ အရေးအသား အထူးပြုများ) (အရှေ့တိုင်းပညာ)
၅း၀၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၅ ၈။ မူဟာန်သွယ်သွယ်ဆိုကြမယ်
၅း၃၅ ၉။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
၅း၄၅ ၁၀။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၄၄) ရွှေပန်းချီ၊ နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်၊ ကိုလင်း၊ ကိုရဲ၊ စိုပြည် (ဒါရိုက်တာ-အောင်ကျော်သူရ)
၆း၄၀ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ဒုတိယတွဲ) (အပိုင်း-၁၅)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **အစာလည်းဆေး၊ ဆေးလည်းအစာ** (အပိုင်း-၁၆)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **စိတ်ကူးနဲ့ကြမ္မာ** (အပိုင်း-၃၂)
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၄၁)
၂၂။ အစီအစဉ်ပြီး၏။

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မတ် ၂

ရန်ကုန်ဂေါက်အသင်း (တညင်းကုန်း)၌ ဦးစိုင်းအောင်သန်းမြ (Yee Thant Co., Ltd.) သည် ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၄ နာရီခွဲတွင် ကစားဖော်များဖြစ်သော ဦးသိန်းစိုး၊ ဦးတင်အောင်လင်း၊ ဦးထွန်းထွန်းအေး(ပဲခူး)တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၅) ၁၆၅ ကိုက်အကွာ၌ Titleist Pro V-1 ဘောလုံးအား PRGR Iron No.9 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(မြန်မာ့အလင်း)

စွမ်းဆောင်ရည်ကိုမြှင့်၊ လူမျိုးကိုတင့်စေ

ကြယ်စင်သာ

၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့ နံနက် ၉း၃၀ နာရီ။ ဆောင်းငွေ့တို့ မပြယ်သေးသည်မို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် နှင်းမြူပါးပါးက အုံ့ဆိုင်းနေဆဲ။ ပတ်ဝန်းကျင်တစ်ခွင်ကို ပိန်းပိတ်နေအောင်တော့မဟုတ်။

TG-၃၀၄ ထိုင်းလေယာဉ်ပေါ်တွင် ခရီးသည်များနှင့်အတူ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီ၊ ဂျိုက်ပူးနှင့် အာဂရာမြို့များရှိ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများကို သွားရောက်လေ့လာမည့် မြန်မာကိုယ်စားလှယ်အဖွဲ့လည်း ပါဝင်သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့သည် အဖွဲ့ဝင်ဦးရေမနည်းလှ။ သက်ဆိုင်ရာဌာနများတွင် အလယ်အလတ်အရာထမ်းတာဝန်များကို ထမ်းဆောင်နေသူများဖြစ်သောကြောင့် အသက်အရွယ်အရလည်း လူလတ်ပိုင်းအရွယ်က ပိုများသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိုးဦး ဦးဆောင်ပြီး အဖွဲ့ဝင်များအဖြစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ဝန်ကြီးချုပ်ရုံး၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတို့မှ အရာထမ်း ၁၇ ဦး ပါဝင်သည်။

TG-၃၀၄ လေယာဉ်သည် ဒေသစံတော်ချိန် ၁၁ နာရီ ၁၅ မိနစ်တွင် ထိုင်းနိုင်ငံ သုဝဏ္ဏဘုမ္မိအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆင်းသက်ရာ မြန်မာကိုယ်စားလှယ်အဖွဲ့အား စစ်သံမှူး ဗိုလ်မှူးကြီးဝင်းမောင်ဦးဆောင်သည့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ ဝန်ထမ်းများက လာရောက်ကြိုဆိုခဲ့ကြသည်။ လေဆိပ်ရှိ VIP-၁ အခန်း၌ နေရာချထားပေးပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြသည်။ ထိုမျှမကသေး။ လေဆိပ်ရှိ စားသောက်ဆိုင်တစ်ခု၌ မြန်မာကိုယ်စားလှယ်အဖွဲ့အား နေ့လယ်စာဖြင့် ဧည့်ခံခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ည ၈ နာရီ ၄၅ မိနစ်တွင် TG-၃၁၅ လေယာဉ်ဖြင့် ဗန်ကောက်မှထွက်ခွာပြီး ဒေသစံတော်ချိန် နံနက် ၁ နာရီ ၁၅ မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံ အင်ဒီရာဂန္ဒီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့သည်။ လေဆိပ်တွင် မြန်မာအဖွဲ့အား ယာယီသံရုံးတာဝန်ခံ ဦးဘလှအေးဦးဆောင်သော အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ ဝန်ထမ်းများက လာရောက်ကြိုဆိုကာ ခေတ္တတည်းခိုမည့် ပြည်သူ့အုပ်ချုပ်မှုရေးရာတက္ကသိုလ် (Indian Institute of Public Administration- IIPA) သို့ ပို့ဆောင်ပေးခဲ့သည်။

ဇန်နဝါရီလ ၃၁ ရက်နေ့။ မြန်မာကိုယ်စားလှယ်အဖွဲ့အတွက် အိန္ဒိယမြေတွင် ခရီးစဉ်စတင်သည့်နေ့ဖြစ်၍ မြင်ကွင်းအသစ်အဆန်းများနှင့် စတင်ထိတွေ့ခဲ့ကြသည်။ ပထမဦးစွာ အိန္ဒိယနိုင်ငံ ပြည်သူ့အုပ်ချုပ်မှုရေးရာတက္ကသိုလ်ကို ရောက်ရှိခဲ့ကြသည်။ ထိုတက္ကသိုလ်တွင် မြန်မာအဖွဲ့ဝင် ပြည်သူ့ဝန်ထမ်းအရာရှိများအတွက် Capacity Building Programme ကို ဇန်နဝါရီလ ၃၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၄ ရက်နေ့အထိ ပထမဦးဆုံး ကျင်းပပေးခဲ့သည်။

ထို့အပြင် မြန်မာအဖွဲ့သည် နိုင်ငံခြားရေးဆိုင်ရာ ဝန်ထမ်းတက္ကသိုလ် (Foreign Service Institute) ကိုလည်း သွားရောက်လေ့လာခွင့်ရခဲ့သည်။ တက္ကသိုလ်မှ တာဝန်ရှိပုဂ္ဂိုလ်များက တက္ကသိုလ်ဖွဲ့စည်းပုံ၊ သင်ကြားရေး၊ လေ့ကျင့်ရေး၊ လုပ်ငန်းဆောင်တာအဝဝတို့နှင့်ပတ်သက်၍ ရှင်းပြခဲ့ကြသည်။ တက္ကသိုလ်မှ တည်ခင်းသော လက်ဖက်ရည်ကို သုံးဆောင်ပြီးနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာသံရုံးအစီအစဉ်ဖြင့် နယူးဒေလီမြို့တော်ကို လေ့လာကြည့်ရှုခွင့်ရခဲ့သည်။

ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် နယူးဒေလီရှိ အိန္ဒိယနိုင်ငံ၏ ပြည်ထောင်စုရာထူးကော်မရှင် (Union Public Service Commission) သို့ သွားရောက်ကာ ကော်မရှင်တွဲဖက်အတွင်းရေးမှူး မစ္စတာ အူဘန်ထရီပထီနှင့် တွေ့ဆုံခဲ့ကြသည်။ ပထမဦးစွာ ကော်မရှင်တွဲဖက်အတွင်းရေးမှူးက မြန်မာကိုယ်စားလှယ်အဖွဲ့အား နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာအဖွဲ့ခေါင်းဆောင် ဦးစိုးဦးက ပြန်လည်ပြောကြားရာတွင် မြန်မာပြည်သူ့ဝန်ထမ်းအရာရှိများအတွက် Capacity Building Programme ကို ဇန်နဝါရီလ ၃၁ ရက်နေ့မှ ဖေဖော်ဝါရီ လ ၄ ရက်နေ့အထိ ကျင်းပပေးသည့်အတွက် အိန္ဒိယအစိုးရ အထူးသဖြင့် အိန္ဒိယသမ္မတနိုင်ငံပြည်သူ့အုပ်ချုပ်မှုရေးရာတက္ကသိုလ်ကို ကျေးဇူးတင်ပါကြောင်း၊ ထို့အတူ ဤအစီအစဉ်ကို ကမကထပြုလုပ်ပေးသော ဂျပန်နိုင်ငံ ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်းကိုလည်း အထူးကျေးဇူးတင်ပါကြောင်း၊ ဤအစီအစဉ်သည် အဆွေတော်၏အမြော်အမြင် ဦးဆောင်မှုနှင့်အတူ အိန္ဒိယနိုင်ငံ ပြည်သူ့အုပ်ချုပ်မှုရေးရာတက္ကသိုလ်နှင့် မြန်မာနိုင်ငံ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ ရလဒ်တစ်ခုဖြစ်ကြောင်း၊ ပြီးခဲ့သောလအနည်းငယ်က ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ အိန္ဒိယနိုင်ငံသို့လာရောက်ခဲ့ပြီး အိန္ဒိယနိုင်ငံဝန်ထမ်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ယခုအစီအစဉ်ကို ဖော်ဆောင်ရန် ဆွေးနွေးခဲ့ကြကြောင်း၊ ယခုလာရောက်သော အဖွဲ့ဝင် (၁၈) ဦးသည် ၂၀၁၀ ခုနှစ် နိုဝင်ဘာလက မြန်မာနိုင်ငံတွင်ကျင်းပခဲ့သော အလားတူအစီအစဉ်တစ်ခု၌ ပါဝင်ဆွေးနွေးခဲ့ကြသည့် အရာရှိ (၆၀) အနက်မှ ရွေးချယ်ခဲ့သောသူများဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံပြည်ထောင်စုရာထူးဝန်ကော်မရှင်၏ အဓိကလုပ်ငန်း၊ လုပ်ထုံးလုပ်နည်းနှင့် ဝန်ထမ်းရွေးချယ်မှုစံနှုန်းများမှာ အထူးပင် စိတ်ဝင်စားစရာကောင်းကြောင်း၊ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပါက ပြည်ထောင်စုရာထူးဝန်ကော်မရှင်နှင့် အခြားသောတက္ကသိုလ်အဖွဲ့အစည်းများမှ လေ့လာသိရှိခဲ့သော အတွေ့အကြုံ ဗဟုသုတများကို မျှဝေသွားမှာဖြစ်ကြောင်း၊ အဆွေတော်နှင့်တကွ တာဝန်ရှိပုဂ္ဂိုလ်များ ကျန်းမာချမ်းသာပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၁ နာရီခွဲတွင် နယူးဒေလီမှ ဂျိုက်ပူးသို့ ခရီးဆက်ခဲ့ကြသည်။ လမ်းဝဲယာတစ်လျှောက် စိမ်းလန်းစိုပြေသည့် စပါးနှင့်မုန်ညင်းခင်းများ အားဖြည့်ထားသော သဘာဝရှုခင်းများ၊ အဝေးပြေးလမ်းမကြီးအား ခြောက်လမ်းသွားလမ်းအဖြစ် တိုးချဲ့တည်ဆောက်နေမှုများ၊ မြို့သစ်အကွက်ချထားမှု အခင်းအကျင်းများ၊ ကုလားအုတ်တစ်ကောင်တပ်သောလှည်းများ၊ အလှပြဆင်ကြီးများ၊ ဒေသခံတို့၏ မိရိုးဖလာလုပ်ငန်းများနှင့် လူမှုစီးပွားပုံစံများက မြန်မာကိုယ်စားလှယ်များအဖို့ မြင်ကွင်းအသစ်အဆန်းများဖြစ်နေလေသည်။

ည ၇ နာရီခွဲတွင် ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်မြို့တော်ဟု သတ်မှတ်ထားသည့် ဂျိုက်ပူးမြို့ရှိ ပြည်နယ် ပြည်သူ့အုပ်ချုပ်မှုရေးရာတက္ကသိုလ် (State Institute of Public Administration) သို့ ရောက်ရှိခဲ့ပါသည်။ ပြည်နယ် ပြည်သူ့အုပ်ချုပ်မှုရေးရာတက္ကသိုလ်တွင် ပါမောက္ခ မစ္စတာ အရှာဆင်နှင့် တွေ့ဆုံခဲ့ရာ၌ ပါမောက္ခ မစ္စတာ အရှာဆင်က မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဂျိုက်ပူးမှ ကြိုဆိုပါကြောင်း နှုတ်ခွန်းဆက်ခဲ့သည်။

ဂျိုက်ပူးမြို့ လည်ပတ်မှုခရီးစဉ် မပြီးဆုံးသေး။ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ဂျိုက်ပူးမြို့ရှိ သမိုင်းဝင် Ambar Palace နှင့် Ambar Fort သို့ သွားရောက်လည်ပတ်ရမည်ဖြစ်သည်။ အထင်ကရနေရာများကို လည်ပတ်ရမည်ဖြစ်သောကြောင့် အဖွဲ့ဝင်များတက်ကြွနေကြသည်။ နံနက်စာ စားသောက်ပြီးနောက် ဂျိုက်ပူးမြို့၏ ဖော်ပြပါ အထင်ကရနေရာများတွင် လှည့်လည်ရင်း အိန္ဒိယနိုင်ငံ၏ ရှေးဟောင်းအမွေအနှစ်များကို လေ့လာခွင့်ရခဲ့သည်။

ဖေဖော်ဝါရီလ ၃ ရက်နေ့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂျိုက်ပူးမှ အာဂရာသို့ ထွက်ခွာခဲ့ကြသည်။ အာဂရာရှိ ကမ္ဘာကျော် Taj Mahal ၊ သမိုင်းဝင်(Agra Fort) တို့တွင် အိန္ဒိယ ရှေးဟောင်းဗိသုကာလက်ရာများကို လေ့လာခွင့်ရခဲ့ကြသည်။ အာဂရာတွင် အားရအောင် လည်ပတ်ခွင့်ရခဲ့ပြီး ညနေ ၄ နာရီ ၁၅ မိနစ်တွင် အာဂရာမှ နယူးဒေလီသို့ ပြန်လည်ထွက်ခွာခဲ့ကြရာ မူလတည်းခိုသည့် ပြည်သူ့ အုပ်ချုပ်မှုရေးရာတက္ကသိုလ်သို့ ည ၉ နာရီ မိနစ် ၃၀ တွင် ပြန်လည်ရောက်ရှိသည်။

ဖေဖော်ဝါရီလ ၄ ရက်နေ့ နံနက်ပိုင်းတွင် မြန်မာသံရုံးက လေ့လာရေးအဖွဲ့အား နယူးဒေလီမြို့ကို နောက်တစ်ကြိမ် လှည့်လည်ကြည့်ရှုနိုင်ရန် စီစဉ်ပေးခဲ့သည်။ နယူးဒေလီရှိ သမိုင်းဝင် Indian Gate နှင့် ခံတပ်နီ (Red Fort) တို့ကို လေ့လာခွင့်ရရှိခဲ့သည်။ စင်စစ် နယူးဒေလီသည် လွန်စွာကြီးမားကျယ်ပြန့်သော မြို့တော်တစ်ခုဖြစ်သည်။ လူဦးရေ ထူထပ်သိပ်သည်းပြီး ခမ်းနားကြီးကျယ်သော အဆောက်အအုံများက နေရာအနှံ့တွင်ရှိနေသည်။ စနစ်ကျသော မြို့ပြဖွဲ့စည်းမှုအပြင် လိုအပ်သောနေရာများ၌ သဘာဝတောများကို တည်ထောင်ထားသောကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပြီးဖြစ်နေလေသည်။

ည ၈ နာရီခွဲတွင် ပြည်သူ့အုပ်ချုပ်မှုရေးရာတက္ကသိုလ်က မြန်မာအဖွဲ့ကို ဂုဏ်ပြုညစာ တည်ခင်းခဲ့သည်။ ညစာမသုံးဆောင်မီ အိန္ဒိယနိုင်ငံ ပြည်သူ့အုပ်ချုပ်မှုရေးရာတက္ကသိုလ်မှ ညွှန်ကြားရေးမှူး ဒေါက်တာ ရာကက်ရှ်ဟိုဂျာက နှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးစိုးဦးက နှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြားသည်။

မြန်မာအဖွဲ့ခေါင်းဆောင်က ယခုခရီးစဉ်မှာ ငါးရက်သာကြာညောင်းခဲ့သော်လည်း ပြည်သူ့ဝန်ထမ်းနှင့်ပတ်သက်သော အရေးကြီးသည့်အချက်အလက်များကို လေ့လာခွင့်ရသည့်အပြင် ဒေသန္တရဗဟုသုတများအဖြစ် ဂျိုက်ပူးမြို့ရှိ ပြည်နယ် ပြည်သူ့အုပ်ချုပ်မှုရေးရာတက္ကသိုလ်၊ ပြည်နယ်အုပ်ချုပ်မှုရေးရုံးနှင့် အာဂရာမြို့ရှိ တာ့ချ်မဟာလ် (Taj Mahal) တို့ကိုလည်း ရောက်ရှိလေ့လာခွင့်ရခဲ့ကြောင်း၊ ခရီးစဉ်အတွင်း သက်ဆိုင်ရာတက္ကသိုလ်များ၏ လှိုက်လှဲစွာကြိုဆိုမှုနှင့် ဧည့်ဝတ်ကျေပွန်မှုများကို တွေ့ကြုံခံစားခဲ့ရကြောင်း၊ ထို့ကြောင့်လည်း ခရီးစဉ်အဆင်ပြေအောင် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော ဒေါက်တာ ရာကက်ရှ်ဟိုဂျာနှင့် မအားလပ်သည့်ကြားက ကိုယ်တိုင်လိုက်ပါပို့ဆောင်ပေးခဲ့သော ပါမောက္ခ သုဇာတာဆင်းတို့ကို ကျေးဇူးတင်ရှိပါကြောင်း၊ ထို့အတူ ခရီးစဉ်တစ်လျှောက် လိုအပ်သောအကူအညီအားလုံး ပံ့ပိုးပေးခဲ့သော မစ္စတာဗီဂျေရှာမားကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာအဖွဲ့ခေါင်းဆောင်က တန်ဖိုးမဖြတ်နိုင်သည့်ခရီးစဉ်ကို ကမကထပြုပေးသော ဂျပန်နိုင်ငံ ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်းကိုလည်း ဤနေရာမှ ကျေးဇူးတင်သည်ဟု ပြောကြားလိုပါကြောင်း၊ ခရီးစဉ်အတွင်း အိန္ဒိယသမ္မတနိုင်ငံ ပြည်ထောင်စုရာထူးဝန်ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံခြားရေးဆိုင်ရာဝန်ထမ်းတက္ကသိုလ်ဌာနမှူး ဒေါက်တာ အဂရာဝေါလ်နှင့်တွေ့ဆုံပြီး အမြင်ချင်းဖလှယ်ခွင့်ရရှိခဲ့ကြောင်း၊ အမြင်ဖလှယ်ရာမှရရှိလာသော အတွေ့အကြုံများကို မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပါက ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူထံ အစီရင်ခံစာ တင်ပြသွားမှာဖြစ်သည့်အပြင် ခရီးစဉ်အတွေ့အကြုံများကို သက်ဆိုင်ရာဌာနများမှ ဝန်ထမ်းများအား မျှဝေသွားမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့အပြင် မြန်မာအဖွဲ့ခေါင်းဆောင်က ယခုအစီအစဉ်သည် မြန်မာနိုင်ငံမှ အလယ်အလတ်အဆင့်အရာရှိများ၏ အိန္ဒိယနိုင်ငံသို့ ပထမဦးဆုံးလာရောက်လည်ပတ်သော ခရီးစဉ်ဖြစ်ကြောင်း၊ နောက်နောင်တွင် ယခုကဲ့သို့ ခရီးစဉ်ရှိလာပါက လိုအပ်ချက်များကို အကောင်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်ထားနိုင်မည်ဖြစ်ကြောင်း၊ အဖွဲ့ကိုယ်စားအားလုံးကို ကျေးဇူးတင်ပါကြောင်းနှင့် နောက်တစ်ကြိမ် ပြန်လည်တွေ့ဆုံကြရေးကိုလည်း မျှော်လင့်ပါကြောင်း ပြောကြားသည်။

လေ့လာရေးခရီးစဉ် ပြီးဆုံးပြီ။ အမိနိုင်ငံသို့ ပြန်ရတော့မည်။ အပြန်ခရီးချောမွေ့စေရေးအတွက် မြန်မာသံရုံးက အစစစီစဉ်ပေးခဲ့သည်။ ည ၉ နာရီခွဲတွင် ပြည်သူ့အုပ်ချုပ်မှုရေးရာတက္ကသိုလ်မှ အင်ဒီရာဂန္ဒီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာကိုယ်စားလှယ်များ ထွက်ခွာခဲ့ကြသည်။

TG-၃၁၆ ထိုင်းလေကြောင်းမှလေယာဉ်သည် နယူးဒေလီမြို့ အင်ဒီရာဂန္ဒီအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဖေဖော်ဝါရီလ ၅ ရက်နေ့ ဒေသစံတော်ချိန် နံနက် ၁ နာရီ ၁၅ မိနစ်တွင် စတင်ထွက်ခွာခဲ့သည်။ ဗန်ကောက်ရှိ သုဝဏ္ဏဘုမ္မိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၆ နာရီခွဲတွင် ရောက်ရှိခဲ့ကြသည်။ လေဆိပ်တွင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ ဝန်ထမ်းများက နွေးထွေးစွာလာရောက်ကြိုဆိုပြီး မြဘုရားသို့ ပို့ဆောင်ပေးပါသည်။ ပြီးနောက် သံအမတ်ကြီး ဦးအောင်သိန်းက မြန်မာအဖွဲ့ဝင်များအား ဗန်ကောက်မြို့၏ အထပ်အမြင့်မားဆုံး ဘိုင်ရုခ်စကိုင်းဟိုတယ်တွင် နေ့လယ်စာဖြင့် ဧည့်ခံခဲ့သည်။

အပြန်ခရီးကိုလည်း TG-၃၀၅ လေယာဉ်ဖြင့် ပြန်လာခဲ့ကြသည်။ ခရီးစဉ်တစ်လျှောက်လုံး ပင်ပန်းခဲ့သမျှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို မြင်လိုက်ရသည်နှင့် အမောပြေခဲ့ရသည်။

လေ့လာရေးခရီးစဉ်တစ်ခုလုံး စုစုပေါင်း ခုနစ်ရက်သာကြာမြင့်ခဲ့သည်။ တိုတောင်းလှသော ခရီးစဉ်ကာလအတွင်း၌ပင် မြန်မာအဖွဲ့ဝင်များသည် ဆောင်ရွက်ဖွယ်ရှိသည်များကို မနားမနေ ဆောင်ရွက်ခဲ့ကြရသည်။ လေ့လာရေးအပြင် သက်ဆိုင်ရာတက္ကသိုလ်များမှ တာဝန်ရှိသူများနှင့် နိုင်ငံ့ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး နည်းနာနိဿယများကို ဆွေးနွေးခဲ့ကြသည်။ အမြင်ချင်းဖလှယ်ခဲ့ကြသည်။ လေ့လာခဲ့ကြရသည်။ မှတ်သားစရာများကို မှတ်သားခဲ့ကြသည်။

စင်စစ် ယခုခရီးစဉ်သည် သာမန်လေ့လာရေးခရီးတစ်ခု မဟုတ်ခဲ့။ မြန်မာအဖွဲ့ဝင်တို့သည် မိမိနိုင်ငံ၏ ဝန်ထမ်းများ စွမ်းဆောင်ရည်တိုးတက်ရေးအတွက် အာရုံပြုစိတ်ညွှိကာ လေ့လာလှည့်လည်ရာ နေရာတိုင်းတွင် ဆည်းပူးမှု၊ ဆွေးနွေးမှုတို့ကို မပြတ်ပြုလုပ်ခဲ့ရသည်။ သို့အတွက် ပင်ပန်းပါ၏။ ပင်ပန်းသည်နှင့်အမျှ အဖိုးမဖြတ်နိုင်သော အတွေ့အကြုံကောင်းများကို ရရှိခဲ့ပါသည်။ နိုင်ငံတကာနှင့်ယှဉ်သော အတွေ့အကြုံများမို့ ရွှေနှင့်ဆက်၍ ဝယ်လျှင်ပင် ရနိုင်မည်မထင်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို အရှိန်အဟုန်ဖြင့် တည်ဆောက်နေပြီ။ မြန်မာတို့ စွမ်းဆောင်ရည်မြှင့်ကြရမည်။ အထူးသဖြင့် နိုင်ငံ့ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်ကြရမည်။ မိမိတို့စွမ်းဆောင်ရည်မြင့်မှ လူမျိုးမြင့်လာမည်။ လူမျိုးမြင့်မှ နိုင်ငံတိုးတက်မည်။ လုပ်ဆောင်စရာများ များစွာဆောင်ရွက်ခဲ့ပြီးပြီ။ ရှေ့ခရီးအဖို့လည်း ဆောင်ရွက်စရာများစွာကျန်သေးသည်။ အားကိုချီ၊ မာန်ကိုတင်း၊ လက်ချင်းကိုတွဲလျက် နိုင်ငံ့ဝန်ထမ်းတို့ သမိုင်းပေးတာဝန်ကျေပွန်ရေး ရှေ့ခရီးကို ဆက်ကြရဦးမည်။ စနစ်သစ်ဖြင့် ချီတက်နေသော နိုင်ငံတော်၏အနာဂတ်ကို မျှော်ကြည့်နိုင်ပြီ။ အနာဂတ်နိုင်ငံတော်သည် ရွှေရောင်တို့ ဝင်းလက်လျက်ရှိသည်ကို မျက်လုံးမျက်ဖန် အမြင်သန်ပြီး ကြည့်ရှုနည်းမှန်သူအားလုံးက မြင်တွေ့နိုင်မည်ဖြစ်ပါသည်။ ။

● ရှေ့ဖုံးမှ

လက်ဖမိုးနှင့် အလွန်တူသည်။ သစ်တောသစ်ပင် မရှိ၊ တောင်ကတုံးများသာဖြစ်သည်။ ယခု မြင်ကွင်းကား ယခင်ကနှင့် လားလားမျှ မတူတော့ပြီ။

ပြောကြား

ထိုမှတစ်ဆင့် မုံရွာမြို့နယ်ရှိ ဇောတိတစ်ထောင်သာသနာ့နယ်မြေသို့ရောက်သည်။ မုံရွေးကျေးရွာမှ တစ်ဆင့် မုံရွေး-ဇောတိတစ်ထောင် လမ်းအတိုင်း သွားရောက်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါလမ်းမှာ မကြာမီက အသစ်ဖောက်လုပ်ထားသော ကတ္တရာလမ်းဖြစ်ပြီး အရှည် ငါးမိုင်ကျော်ခန့်ရှိသည်။ လမ်းဘေး ဝဲယာတစ်လျှောက် ကျွန်း၊ တမာ၊ ဆီး၊ ဆီးဖြူ၊ ကုက္ကိုနှင့် အခြားအရိပ်ရပင်များဖြင့် စိုပြည်သာယာနေသည်။ ဆိုင်ကယ်ဖြင့် ပို့ဆောင်ပေးသော မုံရွေးကျေးရွာမှသူငယ်ချင်း ကိုကျော်စိုးက "အခု ဒို့ရွာကလူတွေ ယာခင်းကိုသွားရင် အရင်ကလို လှည်းနဲ့ မသွားကြတော့ဘူး၊ ကတ္တရာလမ်းရှိလာတော့ ဆိုင်ကယ်တွေ၊ ထော်လာဂျီတွေနဲ့သွားနေကြပြီ" ဟု ပြောကြားသည်။

ပျိုးပင်များ

ထို့နောက် သာသနာ့နယ်မြေအတွင်းရှိ သစ်တောပျိုးဥယျာဉ်သို့ ရောက်ရှိခဲ့သည်။ စိုက်ပျိုးရန်အသင့်ဖြစ်နေသော ပျိုးပင်များမှာ ဥယျာဉ်နှင့်အပြည့်။

ဆက်လက်ရှင်းပြ

သစ်ပင်စိုက်ပျိုးခဲ့မှု အခြေအနေကို သိရှိလို၍ မေးမြန်းကြည့်ရာ မုံရွာခရိုင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက "ဒီနှစ်မိုးရာသီမှာ စိုက်ဖို့လျာထားတဲ့ ရုပ်တော်မူ ရုပ်ပွားတော်ကြီးရှေ့ လက်ယာဘက်ခြမ်းမှာ ကွက်လပ်ဖြည့် အပင်ရေ ၇၀၀၀၊ ကွန်တိုဘောင် ၁၀၀၊ ရုပ်ပွားတော်ကြီးနောက်ကျောမှာရှိတဲ့ သစ်တောစိုက်ခင်း ဧက ၂၀၀ မှာ ယူကလစ် အပင်ရေ ၄၀၀၀၀၊ သစ်ပင်စုစုပေါင်း ၄၇၀၀၀ကျော်ကို စိုက်ပျိုးပြီးပါပြီ" ဟု ရှင်းလင်းပြောကြားသည်။ မုံရွာမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးမှူး ဦးမောင်မောင်စိုးကလည်း ပြီးခဲ့သည့် မိုးရာသီ၌ မုံရွေး-ဇောတိတစ်ထောင်လမ်းနှင့် မြေနဲ-ဇောတိတစ်ထောင်လမ်းတို့၏ လမ်းဘေးဝဲယာများတွင် ကျွန်းအပင်ရေ ၁၀၀၀ စီကို စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ထို့အပြင် ယခင်နှစ်များက စိုက်ပျိုးခဲ့သည့်အပင်များ ဆက်လက်ရှင်သန်အောင် ပြုစုထိန်းသိမ်းလျက်ရှိပြီး သေဆုံးသွားသည့် သစ်ပင်များနေရာတွင် ပြန်လည်အစားထိုးစိုက်ပျိုးပြီး ဖြစ်ကြောင်း ဆက်လက်ရှင်းပြသည်။

ကျောက္ကာတောင်

အဆိုပါ ဇောတိတစ်ထောင်၊ ကျောက္ကာ၊ ရွှေမြင်တင်ဒေသကို ဇောတိတစ်ထောင် သဘာဝကြိုးဝိုင်းတောအဖြစ် နိုင်ငံတော်က သတ်မှတ်ခဲ့ပြီး စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့သည်။ ဉာဏ်တော်အမြင့် ၄၂၄ ပေရှိ ကမ္ဘာ့အမြင့်ဆုံး ဇောတိတစ်ထောင် လေးကျွန်းစကြာ ရုပ်တော်မူရုပ်ပွားတော်ကြီး ပတ်ဝန်းကျင်နယ်မြေကို ဥယျာဉ်သဖွယ် သာယာလှပ တင့်တယ်စေရန်နှင့် ဇောတိတစ်ထောင်ဒေသ အမြဲစိမ်းလန်းစိုပြည်နေစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။ သဘာဝကြိုးဝိုင်းတောမှာ ဧရိယာအားဖြင့် မုံရွာမြို့နယ်တွင် ဧက ၁၄၀၂၀ နှင့် ချောင်းဦးမြို့နယ်တွင် ဧက ၃၉၀၀ စုစုပေါင်း ဧက ၁၇၉၂၀ ရှိသည်။ မြောက်မှတောင်သို့ ခုနစ်မိုင် ရှည်လျားပြီး အရှေ့မှအနောက်သို့ သုံးမိုင်ရှည်လျားသည်။ အမြင့်ဆုံးတောင်မှာ ၁၂၆၂ ပေ မြင့်မားသည့် ကျောက္ကာတောင်ဖြစ်သည်။

ဆောင်ရွက်

စိမ်းလန်းစိုပြည်ရေး လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းများစနစ်တကျ စီစဉ်ဆောင်ရွက်နိုင်ရန်အတွက် ပင်မနယ်မြေ၊ အတွင်းနယ်မြေနှင့် ပြင်ပနယ်မြေဟူ၍ အပိုင်းသုံးပိုင်းခွဲကာ ဆောင်ရွက်လျက်ရှိသည်။ ရုပ်ပွားတော်ကြီးဝန်းကျင်ရှိ မြေဧရိယာ စုစုပေါင်း ဧက ၉၀၀၀ အနက် သစ်တောဦးစီးဌာနက ရုပ်ပွားတော်ကြီး၏ လက်ဝဲဘက်ခြမ်းနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနက လက်ယာဘက်ခြမ်းတို့တွင် ဧက ၄၅၀၀စီ တာဝန်ခွဲဝေယူကာ ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ဇောတိတစ်ထောင်သာသနာ့နယ်မြေသို့ သွားရာလမ်းများဖြစ်သည့် မုံရွေး-ဇောတိတစ်ထောင်လမ်းနှင့် မြေနဲ-ဇောတိတစ်ထောင်လမ်းတို့၏ စိမ်းလန်းစိုပြည်သာယာ လှပရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုး

ယင်းသို့ ဆောင်ရွက်ရာတွင် ရေမြေရာသီဥတုနှင့် ကိုက်ညီပြီး ရှင်သန်ဖြစ်ထွန်းနိုင်သည့် စိန်ပန်း၊ ငုရွှေဝါ၊ ငုစပ်၊ မယ်ဇယ်၊ မဲဇလီ၊ အင်္ဂလိပ်မဲဇလီ၊ ပိတောက်၊ စွယ်တော်၊ ဆီး၊ ဆီးဖြူ၊ ကုက္ကို၊ တမာ စသည့်အပင်များနှင့် ရတနာတန်းဝင်ကျွန်းတို့ကို စိုက်ပျိုးခဲ့သည်။

ရှင်းပြ

စိုက်ပျိုးရာတွင် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ ကွန်တိုလိုင်းစိုက်ပျိုးခြင်း၊ ငါးနှစ်သားအထက် အပင်ကြီးများ ရွှေ့ပြောင်းစိုက်ပျိုးခြင်းနှင့် ဖြည့်စွက်စိုက်ပျိုးခြင်း စသည့် စိုက်ပျိုးနိုင်သည့် နည်းလမ်းမျိုးစုံတို့ဖြင့် စိုက်ပျိုးခဲ့ကြောင်း ဦးမောင်မောင်စိုးက ရှင်းပြသည်။

၁၉၇၀ ပြည့်နှစ်တွင်မူ ဧက ၁၇၉၂၀ ရှိ ယင်းဒေသကို နိုင်ငံတော်က ဇောတိတစ်ထောင်၊ ကျောက္ကာ၊ ရွှေမြင်တင် ကာကွယ်တောအဖြစ် စတင်ဖွဲ့စည်းခဲ့သည်။ ယင်းနောက် သစ်တောဦးစီးဌာနက သစ်တောစိုက်ခင်းများ ထူထောင်ခဲ့ရာ ၁၉၉၈ ခုနှစ်အထိ ကျေးရွာသုံး ထင်းစိုက်ခင်းနှင့် ရေဝေရေလဲစိုက်ခင်းများကို မုံရွာမြို့နယ်၌ ဧက ၄၉၄၀၊ ချောင်းဦးမြို့နယ်၌ ဧက ၁၀၀ စုစုပေါင်း ဧက ၅၀၄၀ တည်ထောင်စိုက်ပျိုးခဲ့သည်။

ဖြစ်တည်လာ

သဘာဝကြိုးဝိုင်းအတွင်း ကျေးရွာမြေ၊ ယာမြေနှင့် သာသနာ့မြေများမှာ ၄၂၃၅ဧကရှိပြီး ကျန် ၁၁၈၅ ဧကမှာ မတ်စောက်သော တောင်များ၊ ကျောက်သားထူထပ်ပြီး စိုက်ပျိုးရန် ခက်ခဲသောနေရာများ ဖြစ်သည်။ သစ်တောစိုက်ခင်းများကို အရှိန်အဟုန်ဖြင့် စိုက်ပျိုးထူထောင်ခဲ့မှု၊ သဘာဝပေါက်ပင်များအကြား ကွက်လပ်ဖြည့်စိုက်ပျိုးခဲ့မှုတို့ကြောင့် ယခင်က တောင်ကတုံးကို ယခု သျှောင်ထုံးပေးနိုင်ခဲ့ပြီ။ အထူးသဖြင့် ရုပ်တော်မူရုပ်ပွားတော်ကြီး ဝန်းကျင် အထူးစိမ်းလန်းစိုပြည်ရေးကို အဓိကထားဆောင်ရွက်ခဲ့ရာ ယခုအခါ သစ်ပင်ပန်းမန်များ၊ တောအုပ်များဖြင့် စိမ်းစိုသာယာလျက်ရှိပေပြီ။ ခြုံ၍ဆိုရလျှင် ဇောတိတစ်ထောင်၊ ကျောက္ကာ၊ ရွှေမြင်တင်ဒေသသည်ကား အညာမြေက အိုအေစစ်တစ်ခုသဖွယ် ဖြစ်တည်လာနေပြီ ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

အရိပ်ရပင် လေကာပင်များဖြင့် စိမ်းစိုသာယာလှသည့် မုံရွေး-ဇောတိတစ်ထောင် ကားလမ်း။

ဇောတိတစ်ထောင် သစ်တောပျိုးဥယျာဉ်ကို တွေ့ရစဉ်။

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်နှင့်အဖွဲ့ ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တမ်ကြီးကျေးရွာတွင် တူးဖော်ပြီးစီးခဲ့သော အလျှုရှင် စက်ရေတွင်းကို ဖေဖော်ဝါရီ ၂၄ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

တောင်ငူမြို့နယ် ထန်းကုန်းကျေးရွာရှိ နှစ်လက်မ တုံကင်ရေတွင်း ကြံ့ခိုင်မှုကို ဖေဖော်ဝါရီ ၂၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဦးလေးနှင့်အငယ်တန်းအင်ဂျင်နီယာ -၂ ဦးသန်းလွင်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (၂၁၄)

ဂန့်ဂေါမြို့နယ် မြို့ဝင်ဆိုင်းဘုတ်နှင့် မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှုကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ဖေဖော်ဝါရီ ၅ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်စိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းကိုကိုတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့ အထက ကျောင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၇ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသိန်းထွန်းဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ထန်းတပင်မြို့နယ် အနောက်ပိုင်းတက္ကသိုလ်-အေးရွာလေး ကတ္တရာလမ်းထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၀ ရက်က အမှုဆောင်အရာရှိ ဦးဆန်းအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၈၃)

အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှု စမ်းချောင်းမြို့နယ်၌ ဆောင်ရွက်

ရန်ကုန် မတ် ၂

စမ်းချောင်းမြို့နယ်အတွင်းရှိ နာတာရှည်ရောဂါဝေဒနာရှင်များအတွက် ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်ပေးခြင်း အကြောင်းဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈ နာရီခွဲက အထက (၄) တော်ဝင်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဟောပြော

အခမ်းအနားတွင် စမ်းချောင်းမြို့နယ် ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး ဒုတိယကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာယဉ်သန္တာလွင်က လုပ်ငန်းဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းသည်။ ရန်ကုန်တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာစန်းစန်းရှိန်၊ အနာကြီးရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာသန်းဝင်း၊ ခုခံကျ/ ကာလသားရောဂါတိုက်ဖျက်ရေးဌာနမှ ဒေါက်တာမျိုးသန့်တို့က ကဏ္ဍအလိုက် ရှင်းလင်းဟောပြောကြသည်။ ဆက်လက်၍ တာဝန်ရှိသူများနှင့်အဖွဲ့ဝင်များသည် စမ်းချောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်များမှ နာတာရှည်ရောဂါဝေဒနာရှင်များအား အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးဝါး၊ အာဟာရအစားအစာများ၊ ထောက်ပံ့ပစ္စည်းများကို စမ်းချောင်းမြောက်ရပ်ကွက်နှင့် စမ်းချောင်း တောင်ရပ်ကွက်တို့တွင် သွားရောက်ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၀၀၇)

လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း ဝန်ကြီး ဦးဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးဌေးဦးသည် ဖေဖော်ဝါရီ ၂၆ ရက်က မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိရာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်က လောကနန္ဒာလျှပ်စစ်မြစ်ရေတင် လုပ်ငန်းကို ပင်မစခန်းအဆင့်(၇)ဆင့်ဖြင့် မိုးသီးနှံ၊ ဆောင်းသီးနှံနှင့် နွေသီးနှံများ စိုက်ပျိုးရေပေးဝေနေမှု အခြေအနေ၊ စိုက်ပျိုးသီးနှံမျိုးများအလိုက် ရေလိုအပ်ချက်များ၊၂၀၁၀-၂၀၁၁ ခုနှစ် ဆောင်းသီးနှံများနှင့် နွေသီးနှံများ စိုက်ပျိုးရေပေးဝေနိုင်မည့် လျာထားချက်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဝန်ကြီးသည် ဧရာဝတီမြစ်၏ ရေစီးရေလာအခြေအနေ၊ လျှပ်စစ်ရေတင်စက်ကြီးများဖြင့် ရေစုပ်တင်နေမှု၊ ရေပေးပင်မတူးမြောင်းမှ စိုက်ပျိုးရေပေးဝေနေမှုနှင့် လောကနန္ဒာလျှပ်စစ်မြစ်ရေတင်ဖြင့် တောင်သူ ဦးအောင်မင်း စိုက်ပျိုးထားသော မြေပဲနှင့်နေကြာစိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဦးဌေးဦး ညောင်ဦးမြို့နယ် လောကနန္ဒာ လျှပ်စစ်မြစ်ရေတင် စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်းဆောင်ရွက်ခဲ့သည့် အရှည်ပေ ၄၂၅၀၊ အကျယ် ၁၂ပေရှိ ဆိပ်ခွန်- ရှာစိုး ကျောက်ချောလမ်းကို ဖေဖော်ဝါရီ ၇ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးသက်လွင်ထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် ဆိပ်ခွန်ကျေးရွာ ရပ်မိရပ်ဖ ဦးတိုက်ကြီးမောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပြည်ပ ပညာရေး လေ့လာရေးခရီးထွက်မည်

ရန်ကုန် မတ် ၂

Myanmar Search International (MSI) နိုင်ငံခြားပညာရေးဝန်ဆောင်မှု ကုမ္ပဏီသည် Webster University Thailand Campus (WUTC) ၏ ပူးပေါင်းကူညီမှုဖြင့် Webster Education Tour Package Program ကို မတ်လမှစတင်၍ အမေရိကန်ပညာရေးနှင့် ထိုင်းနိုင်ငံ လေ့လာရေးခရီးစဉ်တစ်ခုကို အကောင်အထည်ဖော်မည်ဖြစ်သည်။

လက်ခံသွားမည်

လေ့လာရေးခရီးစဉ်တွင် WUTC ရှိ Master Program သင်ကြားနေသော Bangkok Academic Center နှင့် Undergraduate Program ကို သင်ကြားနေသည့် Resort Town တစ်ခုဖြစ်သည့် Cha- am, Hua- Hin Campus နှင့် ၎င်းဒေသနှစ်ခုရှိ အထင်ကရနေရာများကို လေ့လာမည်ဖြစ်သည်။ ခရီးစဉ်ကာလမှာ သုံးညအိပ် လေးရက်ဖြစ်ပြီး ၎င်း "Campus" နှစ်ခုသို့ သွားရောက်မည့် ကုန်ကျစရိတ်နှင့် တည်းခိုစရိတ်၊ နေထိုင်စားသောက် စရိတ်ကို Webster University Thailand Campus (WUTC) မှ တစ်နေ့တာအတွက် အကုန်အကျခံမည်ဖြစ်ကြောင်းနှင့် ၎င်းခရီးစဉ်တွင် (MSI) ပညာရေးဝန်ဆောင်မှုက ဦးစီး၍ အမေရိကန်ပညာရေးကို စိတ်ဝင်စားသော ကျောင်းသား ကျောင်းသူများနှင့် မိဘများကိုပါ ကုန်ကျစရိတ်သက်သာပြီး (Non Profit) စနစ်ဖြင့်လိုက်လံပို့ဆောင်ပေးမည်။ ၎င်းအစီအစဉ်အတွက် အိမ်ထောင်တစ်စုလျှင် မိသားစုဝင်နှစ်ဦးသာ လက်ခံမည်ဖြစ်ပြီး လျှောက်လွှာများကို အိမ်ထောင်စု ၃၀အတွက် စီစဉ်ထားပြီးဖြစ်သည်။ ထိုအိမ်ထောင်စု ၃၀ ထံမှ အဆင့်ဆင့် ရွေးချယ်စိစစ် လက်ခံသွားမည်ဖြစ်သည်။

သင်ကြားနိုင်

Bangkok Academic Center ရှိ Master Program သင်ကြားနိုင်သော ဘာသာရပ်များမှာ Master of Business Administration (MBA) , Master of Arts in International Relations, Master of Arts in Media Communications တို့ဖြစ်သည်။

စုံစမ်းမေးမြန်းနိုင်

Webster Education Tour Package နှင့် ပတ်သက်သည့် လျှောက်လွှာကို MSI Office တွင် မတ် ၁ ရက်မှစပြီး အခမဲ့ထုတ်ယူနိုင်သည်။စိတ်ဝင်စားသောကျောင်းသားများ မတ် ၁၄ ရက် (တနင်္လာနေ့) ညနေ ၅ နာရီနောက်ဆုံးထားပြီး စာရင်းပေးသွင်းရန်နှင့် လူဦးရေ အကန့်အသတ်ရှိသောကြောင့် ပထမဦးစားပေးစနစ်ဖြင့် ရွေးချယ်သွားမည်ဖြစ်သည်။ အသေးစိတ် သိရှိလိုပါက အမှတ် ၂၃၄ ဒုတိယထပ်(ညာ) ရွှေဘုံသာအလယ်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၀၈၂၉နှင့် ၀၁-၃၈၉၈၁၅ တို့ထံသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

Travel & Photography မဂ္ဂဇင်းထွက်ရှိ

ရန်ကုန် မတ် ၂

Photography Magazine အဖြစ် ထုတ်ဝေခဲ့သော ရှုမငြီးမဂ္ဂဇင်းကို အတွဲ(၂)၊ အမှတ်(၅) ဖေဖော်ဝါရီလ ၂၀၁၁မှစပြီး Travel & Photography Magazine အဖြစ် ပြောင်းလဲ ထုတ်ဝေကြောင်း၊ ယခင် Photography Magazine မှ Travel ကို ချဲ့ထွင်ထည့်သွင်းခြင်း ဖြစ်ကြောင်း သိရသည်။

ဓာတ်ပုံပညာနှင့် ပတ်သက်၍လည်း ကင်မရာနှင့် ဆက်စပ်ပစ္စည်းများအကြောင်း၊ ခရီးသွား ဓာတ်ပုံပညာရပ်ဆိုင်ရာများ၊မှတ်တမ်းဓာတ်ပုံဆိုင်ရာများ၊ Potrait ပညာရပ်ဆိုင်ရာများ၊ ဒစ်ဂျစ်တယ်ဓာတ်ပုံဆိုင်ရာ Software အကြောင်းများ၊ ဓာတ်ပုံပညာရှင်များအကြောင်း၊ နိုင်ငံတကာ ဓာတ်ပုံပြိုင်ပွဲများ၊ဓာတ်ပုံပညာရှင်များ၏ကြည့်ရှုချင်စရာဓာတ်ပုံများနှင့် ဝေဝေဆာဆာ ဖော်ပြထားသည်။

ရှုမငြီး ခရီးသွားနှင့် ဓာတ်ပုံမဂ္ဂဇင်းအဖြစ် စတင် ပြောင်းလဲထုတ်ဝေလာသောအတွဲ(၂)၊အမှတ်(၅) ဖေဖော်ဝါရီလထုတ်တွင် မွေတော်ကက္ကူ၊ မြောက်ဦး၊ မင်းတပ် စသည့် ဒေသများအကြောင်း ဖော်ပြခဲ့သည်။

မတ်လ အတွဲ(၂)၊ အမှတ်(၆) တွင် ရှားပါးမြန်မာ့ သစ်ခွပန်းတစ်မျိုးကို မျက်နှာဖုံးပုံအဖြစ် အသုံးပြုထားပြီး မျက်နှာဖုံးဆောင်းပါးအဖြစ် မြန်မာ့သစ်ခွပန်းအကြောင်းကို ဖော်ပြထားသည့်အပြင် မြန်မာပြည်တွင်း သွားရောက်စရာအဖြစ် ပုဂံ၊ ရွှေစက်တော်နှင့်ပင်းတယအကြောင်း စိတ်ဝင်စားဖွယ်ဖော်ပြထားသည်။နိုင်ငံတကာ မြို့တော်ဆိုင်ရာ အခန်းကဏ္ဍတွင် ဗီယက်နမ်မြို့အကြောင်းကို ရွေးချယ်ထားသည်။

မြန်မာ့ ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအရာများ၊ မြန်မာ့ခရီးသွားချင်စရာ ဒေသများအကြောင်းကို အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့်ဖော်ပြထားပြီး ရှုမငြီးခရီးသွားနှင့် ဓာတ်ပုံမဂ္ဂဇင်းသည် ခရီးသွားလာခြင်းကို စိတ်ဝင်စားသူများ၊ဓာတ်ပုံပညာရပ်ကို လေ့လာလိုသူများအတွက် လစဉ်ဖတ်ရှုရမည့် စာအုပ်တစ်အုပ်ဖြစ်သည်။ စာအုပ်ကို စာပေလောက(၅) စာအုပ်ဆိုင် အမှတ် ၁၃၈/၁၄၀ (ပထမထပ်) ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ်မှတစ်နိုင်ငံလုံး ဖြန့်ချိလိုက်ကြောင်းသိရသည်။**(သတင်းစဉ်)**

ယာဉ်စည်းကမ်း လမ်းစည်းကမ်း တောင်ငူ၌ ဟောပြော

ရန်ကုန် မတ် ၂

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲနှင့် မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေး ဟောပြော သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၈ရက် နံနက် ၉ နာရီက ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတောင်ငူခရိုင်ရုံး ယာဉ်စည်းကမ်းပညာပေးခန်းမ၌ ကျင်းပရာ အဆိုပါအခမ်းအနားတွင် ခရိုင်အတွင်းရေးမှူး ဦးသိန်းဆွေက အမှာစကား ပြောကြားသည်။**(အောက်ပုံ)**

ရှင်းလင်းဆွေးနွေး

ထို့နောက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးသောင်းမြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် စပ်လျဉ်း၍ သိကောင်းစရာအချက်များကို လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဦးစီးဌာနမှူး ဦးအုန်းမောင်က ယာဉ်များလိုက်နာရမည့် ဥပဒေအချက်များကိုလည်းကောင်း၊ မီးသတ်ဦးစီးဌာနမှ တာဝန်ခံဦးထင်အောင်လင်းက မီးဘေး ကြိုတင်ကာကွယ်ရေးဆောင်ရွက်ရန် လိုက်နာရမည့်အချက်များ၊ မီးသတိပြုသင့်သည့်အချက်များကိုလည်းကောင်း ရှင်းလင်း ဆွေးနွေးသည်။ ဆက်လက်၍ မီးသတ်သရုပ်ပြပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

AGD BANK
ASIA GREEN DEVELOPMENT BANK LTD.

ဂုဏ်ယူဝမ်းမြောက်ခြင်း

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်(AGD Bank) မြောင်းမြဘဏ်ခွဲအား အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

J & J Co.,Ltd.
J-Donut
Asia Petroleum Co.,Ltd.

နိုင်ငံတကာအားကစား

➤ မောင်ချစ်ကြည် - စုစည်းသည် ➤

ချယ်လ်ဆီးကွင်း၌ ပယ်နယ်တီဖြင့် မန်ယူတို့ ရေတိမ်နစ်

လန်ဒန် မတ် ၂

ပရီမီယာလိဂ်ပွဲစဉ် (၂၈)အဖြစ် ချယ်လ်ဆီးနှင့် မန်ယူတို့ ချယ်လ်ဆီးကွင်း စတန်းဖို့ဒ်ဘရစ်၌ မတ် ၂ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပွဲထုတ်

ယခုနှစ် ပရီမီယာလိဂ်ဖလားအတွက် အဆုံးအဖြတ်ပေးနိုင်သည့် ပွဲစဉ်တစ်ပွဲသဖွယ်ဖြစ်သော ချယ်လ်ဆီးနှင့် မန်ယူတို့ပွဲ၌ ချယ်လ်ဆီးက တိုက်စစ်တွင် တောရက်စ်နှင့် အနယ်လ်ကာတို့ကိုထားရှိခဲ့သလို မန်ယူတိုက်စစ်၌ ရွန်နေနှင့် ဟာနန်ဒက်ဇ်တို့ကို ပွဲထုတ်ခဲ့သည်။

အစားထိုးကစား

ပွဲအစ၌ နှစ်သင်းစလုံးထိန်းကစားနေခဲ့ရာမှ ပွဲချိန် ၂၉ မိနစ်၌ ရွန်နေက မန်ယူအတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ပထမပိုင်းပွဲချိန်အတွင်း ချယ်လ်ဆီးတို့ ချေပဂိုး မသွင်းနိုင်ခဲ့ချေ။ဒုတိယပိုင်းပွဲချိန် ၅၄ မိနစ်၌ ချယ်လ်ဆီးမှ ဒေးဗစ်လူးဝစ်ဇ်က ချေပဂိုးသွင်းယူပေးခဲ့သည်။ ၆၁ မိနစ်၌ ချယ်လ်ဆီးက အနယ်လ်ကာအစား ဒရော့ဘာ အစားထိုးခဲ့သလို မန်ယူကလည်း မိနစ်၇၀၌ ပေါလ်စခိုးအစား ဂစ်နှင့် အစားထိုးကစားစေခဲ့သည်။

ပွဲချိန်မိနစ် ၈၀ ၌ ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ချယ်လ်ဆီးကွင်းလယ်ကစားသမား လမ်းပတ်ကဂိုးသွင်းယူခဲ့သဖြင့် မန်ယူတို့ ပယ်နယ်တီဖြင့် ရေတိမ်နစ်ကာ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။ **(အင်တာနက်)**

ချယ်လ်ဆီးအတွက် လမ်းပတ်(လယ်)က ပယ် နယ် တီ ကန်သွင်းပြီး ဤသို့ အောင်ပွဲခံခဲ့သည်။

ကွင်းလယ်ကစားသမား ကာကာ ချယ်လ်ဆီးသို့ ပြောင်းရွှေ့လို

လန်ဒန် မတ် ၂

ရီးရဲမက်ဒရစ် ကွင်းလယ်တိုက်စစ်မှူး ကာကာသည် ယခုနှစ်ဘောလုံးရာသီကုန်၌ ပရီမီယာလိဂ် ထိပ်တန်းကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့မည်ဟု သတင်းများထွက်ပေါ်လျက်ရှိရာ ယင်းသတင်းများနှင့် ပတ်သက်ပြီး ကာကာက မိမိဆန္ဒရှိနေကြောင်း မတ် ၁ ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

ဒဏ်ရာများကြောင့် ဆေးကုသနေသော ကာကာသည် ရီးရဲမက်ဒရစ်အသင်း၌ ပုံမှန်ကစားပေးနိုင်စွမ်းမရှိဖြစ်နေရာ နည်းပြ မော်ရင်ဟိုကလည်း ကာကာ(**အောက်ယာပုံ**)အားယုံကြည်မှုနည်းပါးလျက်ရှိသည်။ မော်ရင်ဟိုက ရီးရဲမက်ဒရစ်တွင် စီရိုနယ်ဒိုလောက် ကာကာကို ဦးစားမပေးဘဲရှိနေသည်။

ရောင်းချဖွယ်ရှိ

ကာကာအား ချယ်လ်ဆီးနှင့် မန်စီးတီးအသင်းတို့က ခေါ်ယူရန် ကြိုးစားလျက်ရှိရာ ရီးရဲမက်ဒရစ်ကလည်း ရောင်းချဖွယ်ရှိနေသည်။ သို့သော် ကာကာအား ပြောင်းရွှေ့ကြေး ပေါင်သန်း ၉၀ အနည်းဆုံးပေးမှသာ စဉ်းစားမည်ဟု ဆိုထားသည်။

ကာကာကလည်း ချယ်လ်ဆီးသို့ ပြောင်းရွှေ့ကစားရန် စိတ်အားထက်သန်နေပြီး ပရီမီယာလိဂ်၌ ခြေစွမ်းပြလိုကြောင်း ပြောကြားလျက်ရှိသည်။

(အင်တာနက်)



မရမ်းကုန်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်

ရန်ကုန် မတ် ၂

ရန်ကုန်မြို့တွင်း ဝေဘာဂီ၊ သမိုင်း၊ လှိုင်သာယာ၊ ရိုးကြီး၊ ရိုးလေး၊ အဝိုင်း ပြေးဆွဲနေသည့် ယာဉ်မောင်းတင်နိုင်ထူး မောင်းသည့် လိုင်းအမှတ် (၁၂၈) (မထသ) ဒိုင်နာမော်တော်ယာဉ် အဖြူရောင် (၂က/----) သည် သမိုင်းဘူတာရုံလမ်းအတိုင်း အရှေ့မှအနောက်သို့ မောင်းနှင်လာစဉ် သမိုင်းခုံးတံတားအဆင်း အရှိန်မထိန်းနိုင်သဖြင့် ယနေ့ မွန်းလွဲ ၂ နာရီခွဲခန့်က မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ဘူတာရုံလမ်းနှင့် လေးလမ်းထောင့်ရှိ နေအိမ်တစ်အိမ်အား ဝင်တိုက်မှုဖြစ်ပွားခဲ့သည်။ **(ဝဲပုံ)**

သေဆုံး

ဖြစ်ပွားစဉ် ဘူတာဈေးမှတ်တိုင်တွင်ယာဉ်စောင့်ဆိုင်းနေသော အသက် (၆၀)ခန့်ရှိ အမျိုးသားတစ်ဦး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိပြီး သေဆုံးခဲ့သည်။

ဆေးရုံပို့

အခင်းဖြစ်နေရာသို့ နယ်မြေ (၁) ယာဉ်မှုစစ် ဒုရဲအုပ်သောင်းနိုင်ထွန်း ရောက်ရှိ၍ အနည်းငယ်ဒဏ်ရာရရှိသူ ယာဉ်ပေါ်ပါခရီးသည် အမျိုးသမီးငါးဦးအား မြောက်ဥက္ကလာပဆေးရုံသို့ ကူညီပို့ပေးခဲ့ကြောင်း သိရှိရသည်။ **(၀၁၅)**

ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၂

Myanmar Fishery Products Processors & Exporters Association ၏ ကူညီပံ့ပိုးမှုဖြင့် မတ် ၅ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ဒေါက်တာတင်လတ်က ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဟောပြောပွဲကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

3-3 (12).pmd 1 3/3/2011, 1:21 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

အချိုရည်သောက်သုံးခြင်းနှင့် သွေးတိုးရောဂါဆက်စပ်နေ

မောင်ချစ်ကြည် ရေးသားသည်

သွေးတိုးရောဂါကို ယခင်က အငန်စားသုံးခြင်းကြောင့် ဖြစ်ပွားနိုင်ကြောင်း သိရှိထားခဲ့ကြသော်လည်း ယခုအခါ သကြားများများဖြင့် ပြုလုပ်ထားသည့် အချိုရည်များ(**အောက်ယာပုံ**)ကို သောက်သုံးခြင်းသည်လည်း သွေးပေါင်ချိန်မြင့်တက်ပြီး သွေးတိုးစေနိုင်ကြောင်း ဆေးသိပ္ပံပညာရှင်များက သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြလိုက်သည်။

သိရှိရ

အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့တွင်ရှိသည့် အသက် ၄၀ မှ ၅၉ နှစ်အကြားရှိ အမျိုးသား၊ အမျိုးသမီး ၂၇၀၀ အား လေးရက်ကြာပြုလုပ်သည့် သုတေသနပြုချက်များအရ သိရှိရခြင်းဖြစ်သည်။

အချိုရည်သောက်သုံးခြင်းနှင့် သွေးပေါင်ချိန်မြင့်တက်ခြင်းတို့သည် ကြီးမားသော ဆက်စပ်မှုရှိကြောင်း ယခင်က သုတေသနပညာရှင်များ တွေးထင်ထားခဲ့မှုကို ယခုလေ့လာတွေ့ရှိချက်က အခိုင်အမာအတည်ပြုနိုင်ခဲ့သည်။

အချိုရည်ကို နေ့စဉ်သောက်သုံးပါက နှလုံးသွေးကြောထိခိုက်နိုင်သည့် ဆိုင်တိုလစ်ဓာတ် ၁ ဒသမ ၆ ဆ တိုးမြင့်ပြီး ဒိုင်ယာစတိုလစ် ၀ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်စေကာ သွေးတိုးမှုကို ပိုမိုဖြစ်ပွားစေကြောင်း၊ ထို့ကြောင့် အချိုရည်များကို ရေရှည်သောက်သုံးပါက သွေးအတွင်း ကယ်လိုရီ လိုအပ်သည်ထက် ပိုမိုများပြားပြီး ကိုယ်အလေးချိန်လည်း တက်လာမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် အချိုရည်များသောက်သုံးမှုကိုလျှော့ကာ အထူးသဖြင့် အသက်အရွယ်ကြီးသူများ အချိုရည်ကို ရှောင်ကြဉ်ပြီး နှလုံးရောဂါ၊ လေဖြတ်ခြင်းဝေဒနာနှင့် သွေးတိုးရောဂါတို့ မဖြစ်ပွားစေရန် ဂရုစိုက်သင့်ကြောင်း အကြံပြုထားသည်။ **(အင်တာနက်)**

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိုးရွာသွန်းမှု

၂-၃-၂၀၁၁

ကော့ကရိတ်မြို့	၁ ဒသမ ၂၂ လက်မ
မြဝတီမြို့	၀ ဒသမ ၂၀ လက်မ

ကျေးရွာ စာကြည့်တိုက်များအတွက် တမူး၌ စာအုပ်လှူဒါန်း

တမူး မတ် ၂

တမူးခရိုင် ခမ်းပတ်မြို့ရှိ ကျေးရွာစာကြည့်တိုက် ၁၈တိုက်အတွက် တန်ဖိုးငွေကျပ် ၄၀၀၀၀၀ ဖိုးခန့်ရှိ သုတရသ၊ မဂ္ဂဇင်းစာအုပ်ပေါင်း ၈၀၂ အုပ် လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီထွေးက အမှာစကားပြောကြားပြီး ခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ်ဥက္ကဋ္ဌတို့က စာအုပ်များ လှူဒါန်းကြသည်။

အလားတူ တမူးခရိုင် မြို့သစ်မြို့ရှိ ကျေးရွာစာကြည့်တိုက်များသို့လည်း ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်က တန်ဖိုးငွေကျပ် ၃၆၆၀၀၀ ဖိုးခန့်ရှိ သုတရသ၊ မဂ္ဂဇင်းစာအုပ်ပေါင်း ၇၃၂ အုပ်ကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ ***(ခရိုင် ပြန်/ဆက်)***